**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၈)ရက်မြောက်နေ့ **မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၇)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၂.၄၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

အစေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ လွှတ်တော်ရန်ပုံငွေကိစ္စ ဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဗိုလ်မှူးချုပ်သက်နိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကျန်းမာရေး တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၄)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၁၇)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဦးသြဘာသလမ်းမပေါ်ရှိ အန္တရာယ်ရှိ အဆောက်အအုံဖြစ်သော လှသီရိရုပ်ရှင်ရုံအဟောင်းအား ဖျက်သိမ်းပြီး အဆင့်မြင့်ရုပ်ရှင်ရုံအသစ်တစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း က မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဦးသြဘာသလမ်းမပေါ်ရှိ အန္တရာယ်ရှိ အဆောက်အအုံဖြစ်သော လှသီရိရုပ်ရှင်ရုံအဟောင်းအား ဖျက်သိမ်းပြီး အဆင့်မြင့်ရုပ်ရှင်ရုံအသစ် တစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်များအားလုံး မင်္ဂလာပါ။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ပါ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ Power Point သုံးစွဲခွင့် ပြုပါခင်ဗျား။

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဦးဩဘာသလမ်းပေါ်မှာ လွန်ခဲ့သောနှစ်ပေါင်း (၅၀)ကျော်ကာလကတည်းက Power Point မှာ တင်ပြထားတဲ့ ဓာတ်ပုံပါ အဆောက်အအုံဟာ လှသီရိရုပ်ရှင်ရုံ အဆောက်အအုံ ဖြစ်ပါတယ်။ ထိုကာလများက အများပြည်သူ အနီးအနားရှိ မြို့၊ ရွာ၊ ရပ်ကွက်နေ ပြည်သူများအပါအဝင် အနားယူအပန်းဖြေရာ ရုပ်ရှင်ရုံကြီးတစ်ရုံအဖြစ် ခန့်ညားထည်ဝါခဲ့ပါတယ်။ အမှန်တကယ်လည်း ထိုခေတ်၊ ထိုကာလက ထင်ရှားကျော်ကြားတဲ့ မြန်မာ့ရုပ်ရှင်ကားများ၊ နိုင်ငံခြားရုပ်ရှင်ကားကြီးများကို မြို့သူ၊ မြို့သား၊ နယ်သူ၊ နယ်သားများ ကြည့်ရှု အပန်းဖြေခွင့် ရရှိခဲ့ပေမယ့်လည်း ယနေ့အချိန်အခါမှာ ထိုအခွင့်အရေးများ မရရှိတော့သည်မှာ ကာလအတန်ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ အဆောက်အအုံမှာလည်း အန္တရာယ်ရှိ အဆောက်အအုံဖြစ်နေပြီ ဖြစ်ပါတယ်။ ယခုအခါ မင်းဘူး မြို့သူ၊ မြို့သား၊ နယ်သူ၊ နယ်သားများမှာ လူမှုရေး၊ စီးပွားရေးကိစ္စများနှင့် သွားလာလှုပ်ရှား ဆောင်ရွက်နေရလို့ စိတ်ပင်ပန်း၊ လူပင်ပန်း ဆင်းရဲနေရခြင်းများကို အတိုင်းအတာတစ်ခုအထိ ဖြေဖျောက်နိုင်စေရန်အတွက်လည်းကောင်း၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြင့်မားစေရေးအတွက် အထောက်အပံ့တစ်ခု ဖြစ်စေရန်အတွက်လည်းကောင်း၊ မင်းဘူးမြို့ရဲ့ ဂုဏ်ကျက်သရေ တိုးတက်စေရန်အတွက်လည်းကောင်း၊ ခေတ်ကာလနှင့် လျော်ညီစွာ အဆင့်မြင့်ရုပ်ရှင်ရုံ အသစ်တစ်ခု အစားထိုး တည်ဆောက်ဖွင့်လှစ်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းလိုတာက မင်းဘူးမြို့၊ အမှတ်(၃) ရပ်ကွက်၊ ဦးဩဘာသလမ်းမပေါ်ရှိ အန္တရာယ်အဆောက်အအုံ၊ လှသီရိရုပ်ရှင်ရုံအဟောင်းအား ဖျက်သိမ်းပြီး အဆင့်မြင့်ရုပ်ရှင်ရုံ အသစ်တစ်ခု တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အန္တရာယ်ရှိ အဆောက်အအုံ လှသီရိ ရုပ်ရှင်ရုံဟောင်း မြင်ကွင်းပုံ (၀)



အန္တရာယ်ရှိ အဆောက်အအုံ လှသီရီ ရုပ်ရှင်ရုံဟောင်း မြင်ကွင်းပုံ (ဝ-၁)



ယခင်အမည်နှင့် လှသီရီ ရုပ်ရှင်ရုံဟောင်း မြင်ကွင်းပုံ (ဝ-၂)



**ယိုယွင်းပျက်စီးပြီး အန္တရာယ်ရှိ အဆောက်အအုံဖြစ်သော ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာအဆောက်အအုံအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန်နှင့် ရုံးဝင်းအတွင်းရှိ မြေကွက်လပ်တွင် ကလေးကစားကွင်းပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး က ယိုယွင်းပျက်စီးပြီး အန္တရာယ်ရှိ အဆောက်အအုံဖြစ်သော ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ အဆောက်အအုံအား အသစ်ပြန်လည် ဆောက်လုပ်ပေးရန်နှင့် ရုံးဝင်းအတွင်းရှိ မြေကွက်လပ်တွင် ကလေးကစားကွင်း ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်မကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မကြီး ဖြစ်ပါတယ်ရှင်။ ဒီနေ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ယိုယွင်းပျက်စီးပြီး အန္တရာယ်ရှိ အဆောက်အအုံဖြစ်နေသော မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ အဆောက်အအုံအား အသစ်ပြန်လည် ဆောက်လုပ်ပေးရန်နှင့် ရုံးအတွင်းမှာရှိတဲ့ မြေကွက်လပ်တွင် ကလေးကစားကွင်း ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးနိုင်မည်ကို သိရှိလို၍ မေးမြန်း ရခြင်းဖြစ်ပါတယ်ရှင်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအား Power Point အသုံး ပြုခွင့်ပေးပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်ရှင်။ ကျွန်မတို့ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းအိမ်ရာ အဆောက်အအုံဟာ နှစ်ပေါင်း (၆၀)ခန့် ကြာမြင့်နေပြီဖြစ်တဲ့အတွက် ယိုယွင်းပျက်စီးနေပြီဖြစ်ပါတယ်။ တိုင်အောက်ခြေများမှာလည်း ပြတ်တောက်နေပြီး ပြင်ထိန်းပြုလုပ်ထားတဲ့ ကွန်ကရစ်ကျင်တွယ်တိုင်ကလည်း ပြိုကွဲပြီးတော့ သံကျင် တွယ်တိုင်များမှာ ကောက်ကွေးနေပြီဖြစ်ပါတယ်။ ကြမ်းခင်းများ၊ ဆင့်တန်းများ၊ ယက်မများ မှာလည်း ဆွေးမြည့်ပျက်စီးနေပြီဖြစ်ပါတယ်။ နံရံများ၊ တံခါးများမှာလည်း ဆွေးမြည့်နေပြီဖြစ်ပါတယ်။ အမိုးကလည်း အပြင်ပန်းကြည့်ရင်တော့ ကောင်းနေသလိုထင်ရပေမယ့် အမိုးအောက်က ထုပ်တန်း၊ ယောက်တန်းတွေ ကတော့ ကောင်းမွန်ခြင်းမရှိတော့ဘဲ ပိုးစားပြီး ဆွေးနေပြီဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ဟောင်းနွမ်းဆွေးမြည့်နေပြီး အန္တရာယ်ရှိအဆောက်အအုံ ဖြစ်နေတဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာအဆောက်အအုံအား အသစ် ပြန်လည်ဆောက်လုပ်ပေးရန် လိုအပ်နေပြီဖြစ်ပါတယ်ရှင်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးပိုင် မြေနေရာဟာ ပုံမှာပြထားတဲ့အတိုင်း ရှေ့မျက်နှာစာက(၁၅၅)ပေ၊ ဘေးနှစ်ဖက်မှာ(၁၁၀)ပေနဲ့ (၁၁၄)ပေ၊ အနောက်ဘက်မှာတော့(၁၉၆)ပေ အကျယ်အဝန်းရှိပါတယ်။ ပြန်ကြားရေးအဆောက်အအုံနဲ့ ဝန်ထမ်း အိမ်ရာကလည်း မြေကွက်ရဲ့အလယ်ခေါင်နေရာမှာရှိနေပြီးတော့ တစ်ခုနဲ့တစ်ခု နီးကပ်နေတဲ့အတွက် နေရာချထားမှုအဆင်မပြေဖြစ်နေပါတယ်။ အကယ်၍ အသစ်ပြန်လည်ဆောက်ပေးမယ့် ဝန်ထမ်းအိမ်ရာ ကို မြေကွက်ရဲ့ အနောက်တောင်ထောင့်နေရာမှာကပ်ပြီး ဆောက်ပေးမယ်ဆိုရင် စာကြည့်တိုက်အနီး မြေကွက်လပ်ကလေးဟာ ပေ(၆၀)၊ ပေ(၁၀၀)ခန့်ရှိလာမှာပါ။ ဒီနေရာလေးမှာ ကလေးများ လာရောက် ဆော့ကစားနိုင်ဖို့၊ အပန်းဖြေဖို့ နေရာလေးပြုလုပ်ပေးပြီး တစ်ဖက်တစ်လမ်းကလည်း စာကြည့်တိုက်မှာ ပျော်ရွှင်စွာကစားရင်း စာဖတ်ဖြစ်အောင် ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ ကလေးများကို ငယ်စဉ် ကတည်းက စာဖတ်တဲ့အလေ့အကျင့်ကို ပြန်လည်ပျိုးထောင်ပေးရမှာဖြစ်ပါတယ်။ ဒါမှသာ ပညာ ဗဟုသုတပြည့်ဝတဲ့ နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာမှာဖြစ်ပါတယ်ရှင်။ စာဖတ်သူများကင်းမဲ့နေတဲ့ စာကြည့်တိုက်နဲ့ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို မြို့သူ၊ မြို့သား၊ ကျောင်းသူ၊ ကျောင်းသားများ ဝင်ထွက်သွားလာလှုပ်ရှားပြီး ပညာဗဟုသုတများတိုးတက် အောင် စွမ်းဆောင်ပေးနိုင်တဲ့ ပြည်သူ့အကျိုးပြုဌာနတစ်ခုဖြစ်အောင် ပြုလုပ်အားပေးဖို့အချိန် ဖြစ်နေ ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သို့ပါ၍ ယိုယွင်းပျက်စီးပြီး အန္တရာယ်ရှိအဆောက်အအုံဖြစ်နေသော မိုးကောင်းမြို့နယ်၊ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာအဆောက်အအုံအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန်နှင့် ရုံးဝင်းအတွင်းရှိမြေကွက်လပ်တွင် ကလေးကစားကွင်း ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ရခြင်း ဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။


ဆွေးမြည့်ပျက်စီးနေသော တိုင်အောက်ခြေများ မြင်ကွင်းပုံ (သ)



ဆွေးမြည့်ပျက်စီးနေသော ကြမ်းခင်းနှင့် ဆင့်တန်းများ မြင်ကွင်းပုံ (သ-၁)



ဝန်ထမ်းအိမ်ရာ ဆောက်လုပ်လိုသောနေရာ ပြပုံ(သ-၂)



**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးအောင်လှထွန်း (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ရဲ့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဦးသြဘာသလမ်းမပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံ လှသီရိ ရုပ်ရှင်ရုံအဟောင်းအား ဖျက်သိမ်းပြီး အဆင့်မြင့်ရုပ်ရှင်ရုံအသစ်တစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းသည့်မေးခွန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့ ပေါင်းစပ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ရှိ လှသီရိရုပ်ရှင်ရုံကို ပြည်ထောင်စု မြန်မာနိုင်ငံတော် တော်လှန်ရေးအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၏ ၁ - ၇ - ၁၉၆၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၂၈)ဖြင့် ပြည်သူပိုင်သိမ်းယူပြီး နိုင်ငံပိုင်ရုပ်ရှင်ရုံအဖြစ် အသုံးပြုခဲ့ပါတယ်။ အဲဒီနောက် အဆိုပါရုပ်ရှင်ရုံကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရဲ့ ၂၆ - ၇ - ၂၀၀၂ ရက်စွဲပါ အမိန့်အမှတ်(၁၀/၂၀၀၂)အရ ပုဂ္ဂလိကလုပ်ငန်းရှင် ဒေါ်ခင်ဥမ္မာကျော် သို့ ငွေကျပ်(၅.၀၅)သန်းဖြင့် အပြီးအပိုင် ရောင်းချခဲ့ပါတယ်။ ယင်းရုပ်ရှင်ရုံကို လွှဲပြောင်းရောင်းချခြင်း သဘောတူစာချုပ်မှာ ပါရှိတဲ့ စည်းကမ်းသတ်မှတ်ချက်များအရ ဝယ်ယူသူအနေနဲ့ မူလရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရမှာဖြစ်ပြီး ရုပ်ရှင်ရုံအဟောင်းကိုလည်း ရုပ်ရှင်ပြသနိုင်တဲ့ အဆောက်အအုံဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ၅ - ၄ - ၂၀၁၀ ရက်နေ့ နေ့လယ်အချိန်မှာ ယင်းရုပ်ရှင်ရုံ အဆောက်အအုံရဲ့ အနောက်ဘက်ခြမ်း အလျား(၁၄၇)ပေ၊ အမြင့်(၂၀)ပေခန့်ဟာ ပြိုကျခဲ့ပါတယ်။ ယင်းရုပ်ရှင်ရုံ အဆောက်အအုံဟာ ဧရာဝတီမြစ်နဲ့ ကိုက်(၃၀၀ - ၄၀၀)ခန့်သာ ကွာဝေးပြီး နှစ်စဉ် မြစ်ရေတက်မှုနဲ့ သက်တမ်းကြာမြင့်မှုတို့ကြောင့် ဆွေးမြည့်နေပြီဖြစ်တဲ့အတွက် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရုံးအမိန့်အမှတ်(၁၅/၂၀၁၀)ဖြင့် အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ယင်းအမိန့်စာ ထုတ်ပြန်ချက်အရ ယခင် ရုပ်ရှင်ပြသမှုစနစ်ဟောင်း (Analogue)စနစ်ဖြင့် ရုပ်ရှင်ပြသခြင်းကိုလည်း ရပ်ဆိုင်းခဲ့ရပါတယ်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က အပြီးအပိုင်ရောင်းချခဲ့တဲ့ နိုင်ငံပိုင်ရုပ်ရှင်ရုံများအနက် မူလရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် စည်းကမ်းသတ်မှတ်ချက်ပါရှိတဲ့ ရုပ်ရှင်ရုံများကို Digital စနစ်သို့ ပြောင်းလဲပြီး စာချုပ်ပါကတိကဝတ်များအတိုင်း ရုပ်ရှင်ပြသမှုလုပ်ငန်းဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ယခင် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနက ရုပ်ရှင်ရုံ ဝယ်ယူသူများအားလုံးကို ၁၈ - ၂ - ၂၀၁၅ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ပါတယ်။ အဲဒီနောက် ရှေ့လုပ်ငန်းစဉ်ဖြစ်တဲ့ Digital စနစ်ဖြင့်ပြသတဲ့ ရုပ်ရှင်ရုံအဖြစ် ပြောင်းလဲတည်ဆောက်နိုင်မယ့် အဆိုပြုချက်ကို ၃ - ၇ - ၂၀၁၅ ရက်နေ့မှစပြီး (၁)လအတွင်း တင်ပြရန်နှင့် ၁ - ၁ - ၂၀၁၆ ရက်နေ့မှာ လုပ်ငန်းစတင်ဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရုပ်ရှင်ရုံ ဝယ်ယူသူ အားလုံးကို ၁၄ - ၇ - ၂၀၁၅ ရက်စွဲပါစာဖြင့် ထပ်မံအကြောင်းကြားခဲ့ပါတယ်။ လှသီရိရုပ်ရှင်ရုံ ဝယ်ယူသူကိုလည်း မူလလုပ်ငန်းဖြစ်တဲ့ ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို Digital စနစ်ဖြင့် ပြောင်းလဲပြီး ဆက်လက် ဆောင်ရွက်ရန် အကြောင်းကြားခဲ့ပါတယ်ခင်ဗျား။

ယင်းရုပ်ရှင်ရုံဝယ်ယူသူက ရုပ်ရှင်ရုံ ပြန်လည်ပြုပြင်တည်ဆောက်ရန်နှင့် အဆင့်မြင့် Digital ပြသမှုစနစ် တပ်ဆင်ရန် ငွေကြေးအခက်အခဲကြောင့် အကျိုးတူလုပ်ကိုင်မည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများကို ဆက်သွယ်နေပါကြောင်း ၂၀ - ၈ - ၂၀၁၅ ရက်စွဲပါစာဖြင့် ပြန်လည် တင်ပြခဲ့ပါတယ်။ ရုပ်ရှင်ရုံရဲ့ မူလလုပ်ငန်းဖြစ်တဲ့ ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန်ကိစ္စနှင့် ပတ်သက်ပြီး စီမံဆောင်ရွက်ထားရှိမှုကို ပြန်လည်တင်ပြရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပိုင်ရှင်ထံသို့ ၃ - ၄ - ၂၀၁၈ ရက်စွဲပါစာဖြင့် ထပ်မံအကြောင်းကြားခဲ့ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၁၀ - ၄ - ၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၈) အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ယူစီမံခန့်ခွဲလျက်

ရှိသည့် နိုင်ငံပိုင်ရုပ်ရှင်ရုံ(၂၇)ရုံနှင့် ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချခဲ့တဲ့ ရုပ်ရှင်ရုံများအနက် ရုပ်ရှင်ပြသခြင်းလုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်ပါရှိတဲ့ ရုပ်ရှင်ရုံ(၉၄)ရုံ၊ စုစုပေါင်းရုပ်ရှင်ရုံ (၁၂၁)ရုံကို ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သည့် အထောက်အထား၊ စာရွက်စာတမ်းများကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ်လျက်ရှိပါတယ်။ မင်းဘူးမြို့ရှိ လှသီရိရုပ်ရှင်ရုံ အပါအဝင် မကွေးတိုင်းဒေသအတွင်းရှိ ရုပ်ရှင်ရုံ(၉)ရုံကိုလည်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၂၁ - ၉ - ၂၀၁၈ ရက်နေ့မှာ အပြီးအပိုင် လွှဲအပ်ခဲ့ပြီးဖြစ်ပါတယ်။

သို့ပါ၍ မင်းဘူးမြို့ရှိ လှသီရိရုပ်ရှင်ရုံကို လတ်တလောအခြေအနေတွင် အဆင့်မြင့်ရုပ်ရှင်ရုံအသစ်တစ်ရုံအဖြစ် တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ဝယ်ယူသူ ဒေါ်ခင်ဥမ္မာကျော်အနေဖြင့် ယင်းရုပ်ရှင်ရုံကို Digital အဆင့်မြင့်ရုပ်ရှင်ရုံအဖြစ် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုဖြင့်သာ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး မေးမြန်းတဲ့ ယိုယွင်းပျက်စီးပြီးအန္တရာယ်ရှိအဆောက်အအုံဖြစ်သော ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာအဆောက်အအုံအား အသစ်ပြန်လည်တည်ဆောက်ပေးရန်နှင့်ရုံးဝင်းအတွင်းရှိ မြေကွက်လပ်တွင် ကလေးကစားကွင်း ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိုးကောင်းမြို့နယ်ရုံး ဝန်ထမ်းအိမ်ရာအဆောက်အအုံကို အသစ်ပြန်လည်တည်ဆောက်ရန် လိုအပ်သည့်မှာ လုံးဝ မှန်ကန်ပါတယ်။ ဒီ ဝန်ထမ်းအိမ်ရာအဆောက်အအုံကို ၁၉၅၁ ခုနှစ်က ဆောက်လုပ်ခဲ့တာဖြစ်ပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ၂၅ - ၈ - ၁၉၉၃ ရက်နေ့မှာ မြေနေရာနှင့်အတူ လွှဲပြောင်းပေးအပ်ခဲ့တာ ဖြစ်ပါတယ်။ ဒီဝန်ထမ်းအိမ်ရာ အဆောက်အအုံ ယိုယွင်းပျက်စီးမှုများ ပြင်ဆင်ရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး နားလည်တတ်ကျွမ်းတဲ့ အင်ဂျင်နီယာများနှင့် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်လျက်ရှိပါတယ်။

အခုအချိန်မှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရဲ့ ရုံးအဆောက်အအုံများကို ဦးစားပေး ပြုပြင်တည်ဆောက်နေရပါသဖြင့် ဒီဝန်ထမ်းအိမ်ရာ အဆောက်အအုံကို အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်မရှိဘဲ လိုအပ်သည့်ပြင်ဆင်မှုများကိုသာ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ဘဏ္ဍာငွေကန့်သတ်ချက်အရ အရင်ရုံးဝင်းအတွင်းရှိ မြေကွက်လပ်တွင် ကလေးကစားကွင်း တည်ဆောက်ပေးရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း၊ စေတနာရှင်၊ အလှူရှင် သို့မဟုတ် BOT စနစ်ဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များ

ပေါ်ပေါက်လာမှသာလျှင် တည်ဆောက်ပေးနိုင်မှာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်း လျှပ်စစ်မီးမရရှိသေးသော ကရင်တိုင်းရင်းသားကျေးရွာများအတွက် လျှပ်စစ်မီးရရှိစေရေး ဦးစားပေးအစီအစဉ်ဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ က မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်း လျှပ်စစ်မီး မရရှိသေးသော ကရင်တိုင်းရင်းသားကျေးရွာများအတွက် လျှပ်စစ်မီးရရှိစေရေး ဦးစားပေး အစီအစဉ်ဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ မဲဆန္ဒရှင်ပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်မ မေးမယ့်မေးခွန်းကတော့ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်း လျှပ်စစ်မီး မရရှိသေးသော ကရင်တိုင်းရင်းသားကျေးရွာများအတွက် လျှပ်စစ်မီးရရှိစေရေး ဦးစားပေး အစီအစဉ်ဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ဟာ မွန်ပြည်နယ်ရဲ့ ဒုတိယဧရိယာအကျယ်ဆုံးမြို့ဖြစ်ပြီးတော့ ဧရိယာအကျယ်အဝန်း (၈၃၅၂၈)စတုရန်းမိုင်ရှိသောမြို့နယ်ဖြစ်ပါတယ်။ လူဦးရေ (၁၉၀၀၀၀)ကျော်နေထိုင်လျက်ရှိပြီး ကရင်တိုင်းရင်းသားဟာ (၃၇)ရာခိုင်နှုန်းရှိပါတယ်။ ပြည်ထောင်စုအစိုးရမှ စီမံဆောင်ရွက်နေတဲ့ National Electric Plan (NEP) စီမံချက်နဲ့ဆိုလာ ဖြန့်ဝေမှုများ မပါဝင်ဘဲ ကျန်ရစ်ခဲ့တဲ့ ကျေးရွာများဖြစ်တဲ့ ကျခတ်ချောင်း၊ မဲပလီ၊ ပီတိ၊ နတ်ကြီး၊ မဲနသန်၊ အစုးချောင်း၊ ရွှေရောင်ပြ၊ ကြိုးဝိုင်း၊ ကျောက်လုံးကြီး၊ လေးကော၊ ပျဉ်းမပင်ဆိပ်၊ ကျသောင်းဆိပ် စတဲ့ ကရင်တိုင်းရင်းသားကျေးရွာအုပ်စု(၁၁)အုပ်စု၊ ကျေးရွာခွဲပေါင်း(၅၄)ရွာ၊ အိမ်ထောင်စု(၄၈၁၃)စုနဲ့ လူဦးရေ(၂၇၆၅၁)ဦးတို့အတွက် လျှပ်စစ်မီး လိုအပ်ချက်ရှိနေပါတယ်။

ဘီးလင်းမြို့နယ်ဟာ စစ်ဘေးစစ်ဒဏ် သင့်ခဲ့တဲ့ဒေသဖြစ်တဲ့အပြင် အမဲရောင်နယ်မြေအဖြစ်ကာလရှည်ကြာစွာ သတ်မှတ်ခံခဲ့ရတဲ့ ဖွံ့ဖြိုးမှုအနည်းဆုံး မြို့နယ်တစ်ခုလည်းဖြစ်ပါတယ်။ ဒေသ

ဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေးကအစ အစစအရာရာ နောက်ကျကျန်ခဲ့တဲ့ မြို့နယ်လည်းဖြစ်ပါတယ်။ ယခုအစိုးရသစ်လက်ထက်မှာမှ ဖွံ့ဖြိုးမှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေရဆဲ မြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ကဏ္ဍများစွာ လိုအပ်ချက်ထဲကမှ လျှပ်စစ်မီးလင်းရေးကဏ္ဍဟာလည်း အကြီးမားဆုံး လိုအပ်ချက်တစ်ခု ဖြစ်လို့နေပါတယ်။ တိုးတက်မှုနောက်ကျခဲ့တဲ့ မြို့နယ်ထဲကမှ အဆိုပါ ကျေးရွာတွေဟာ အခြေခံလူနေမှုအဆင့်အတန်း ပြည့်မီအောင် ကျားကုတ်ကျားခဲ ဖြည့်ဆည်းမှ အနည်းငယ်သာ တိုးတက်နိုင်တဲ့ကျေးရွာများ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်တွေထဲက တစ်ခုဖြစ်တဲ့ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု တစ်ပြေးညီဖြစ်စေရေးအတွက် အားထည့်လုပ်ဆောင်ရန် လိုအပ်နေတဲ့ မြို့နယ်လည်းဖြစ်ပါတယ်။ လျှပ်စစ်မီးတစ်ခု ဖြည့်ဆည်းတာနဲ့တင် ပညာရေး၊ ကျန်းမာရေး၊ အသိပညာ၊ ဗဟုသုတများ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်သွားနိုင်မယ့်ဒေသလည်း ဖြစ်ပါတယ်။

ဒါကြောင့် မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်း လျှပ်စစ်မီး မရရှိသေးသော ကရင်တိုင်းရင်းသားကျေးရွာများအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်မီးရရှိစေရန် ဦးစားပေးအစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ အကောင်အထည်ဖော် ဆောင်ရွက်မည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ မေးမြန်းတဲ့ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်း လျှပ်စစ်မီးမရရှိသေးသော ကရင်တိုင်းရင်းသား ကျေးရွာများအတွက် လျှပ်စစ်မီးရရှိရေး ဦးစားပေးအစီအစဉ်ဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်းရှိ ကရင်တိုင်းရင်းသားကျေးရွာများ ဖြစ်သော ရွှေရောင်ပြကျေးရွာအုပ်စု၊ အဝန်းကြီး၊ ရွှေရောင်ပြ၊ ခလောက်အင်း၊ ဇီးဝန်းကျေးရွာနှင့် ဒေါက်ရပ်ကျေးရွာအုပ်စု၊ ကဒီပုကျေးရွာအုပ်စုနှင့် ဘုရားဆိပ်ကျေးရွာအုပ်စုတို့တွင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 11 KV ဓာတ်အားလိုင်း စုစုပေါင်း(၁၇.၁၆)မိုင်၊ 11/0.4 KV, 50 KVA ထရန်စဖော်မာ(၆)လုံး၊ 100 KVA ထရန်စဖော်မာ(၇)လုံး၊ 160 KVA ထရန်စဖော်မာ(၄)လုံးနှင့် 200 KVA ထရန်စဖော်မာ(၁)လုံးတို့ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရ၏ ဘတ်ဂျက်

ရန်ပုံငွေဖြင့် တည်ဆောက်ရန် ခွင့်ပြုချက်ရရှိထားပြီးဖြစ်သဖြင့် တင်ဒါခေါ်ယူကာ စိစစ်ရွေးချယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ဦးစွာ ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး Power Point အသုံးပြုခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်တစ်ခုလုံးနီးပါး လွှမ်းခြုံကာ လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် 33/11KV, 10 MVA ဘီးလင်းဓာတ်အားခွဲရုံမှတစ်ဆင့် မဲလံကျေးရွာသို့ 33 KV ဓာတ်အားလိုင်း (၁၂.၅)မိုင် ဆွဲကာ မဲလံကျေးရွာမှာ 33/11KV, 5 MVA ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းအား ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းမှာ ADB ဘဏ်၏ ချေးငွေဖြင့်လည်းကောင်း၊ မဲလံခွဲရုံမှ အစုးချောင်းကျေးရွာသို့ 33 KV လိုင်း (၁၂)မိုင်နှင့် အစုးချောင်းကျေးရွာမှ 33/11 KV, 5 MVA ခွဲရုံ တည်ဆောက်ခြင်းအား ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း၊ 33 KV သထုံ - ဘီးလင်း ဓာတ်အားလိုင်းမှ 33 KV လိုင်း (၄.၇)မိုင်နှင့် မိကျောင်းအိုင်ကျေးရွာတွင် 33/11 KV, 5 MVA ခွဲရုံ တည်ဆောက်ခြင်းအား ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့်လည်းကောင်း၊ မိချောင်းအိုင်ဓာတ်အားခွဲရုံမှ လေးကေကျေးရွာသို့ 33 KV လိုင်း (၃၃)မိုင်နှင့် လေးကေကျေးရွာတွင် 33/11 KV, 5 MVA ခွဲရုံတည်ဆောက်ခြင်းအား ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေတို့ဖြင့်လည်းကောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့က စီမံလျာထား ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဆက်လက်ဖြေကြားအပ်ပါတယ်။

ထို့အပြင် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ပတ်သက်ပြီးတော့ ဘီးလင်းမြို့နယ်၊ နတ်ကြီးချောင်ကျေးရွာအုပ်စုမှ နတ်ကြီး၊ ပြင်သာ၊ ရွှေလောင်းအင်း၊ ကွက်သစ်၊ ရှမ်းစု၊ ကျသောင်းတော၊ ခေါ်ထီးထနှင့် ပီတိကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 33/11 KV မဲလံဓာတ်အားခွဲရုံ တည်ဆောက်ပြီးတဲ့နောက်မှာ 11 KV ဓာတ်အားလိုင်း စုစုပေါင်း(၁၀.၅)မိုင်နဲ့ 11/0.4 KV ထရန်စဖော်မာ(၉)လုံး တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ မွန်ပြည်နယ်အစိုးရရဲ့ ရန်ပုံငွေဖြင့်လည်းကောင်း၊ အစုးချောင်းကျေးရွာအုပ်စုမှ အစုးချောင်းကျေးရွာ၊ ကျသောင်းတောကျေးရွာ၊ မဲပလီကျေးရွာအုပ်စုမှ မဲပလီ၊ ညာစူးဝ၊ ဝင်းကလေး၊ ဇီးကုန်း၊ မဲနသန်ကျေးရွာအုပ်စုမှ မဲနသန်၊ ဘဲလင်းနို့၊ ထွီးကျော်လှ၊ ပေါ်ကြီး၊ ရွှေအောင်၊ ခေါ်တီထီး၊ ပျဉ်းမ၊ နို့ခဲကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် 33/11 KV အစုးချောင်းဓာတ်အားခွဲရုံ တည်ဆောက်ပြီးတဲ့နောက်မှာ 11 KV ဓာတ်အားလိုင်း စုစုပေါင်း(၂၆.၆)မိုင်ခန့်နဲ့ 11/04 KV ထရန်စဖော်မာ(၁၃)လုံးတို့ တည်ဆောက်နိုင်ရေးတို့အတွက် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်မှာ မွန်ပြည်နယ်အစိုးရရဲ့ ဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း၊ ကျခတ်ချောင်းကျေးရွာအုပ်စုမှ ကျခတ်ချောင်း၊ ရွှေကြည်း၊ နောင်ကတုတ်၊ ရှမ်းကလေး၊ ရေတွင်းဖြူ၊ ကွင်းကလေး၊ ရွှေရောင်ပြကျေးရွာအုပ်စုမှ မိချောင်းအိုင်၊ မရမ်းကုန်းနှင့် ချောင်းနှစ်ခွကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် 33/11 KV မိချောင်းအိုင်ခွဲရုံ တည်ဆောက်ပြီးတဲ့နောက်မှာ 11 KV ဓာတ်အားလိုင်း စုစုပေါင်း(၂၁.၂၄)မိုင်နဲ့ 11/04 KV ထရန်စဖော်မာ(၁၀)လုံး တည်ဆောက်နိုင်ရေးအတွက် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်မှာ မွန်ပြည်နယ်အစိုးရရဲ့ ဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း၊ လေးကေကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ လေးကေ၊ မြစ်ကျိုး၊ ပျဉ်းမပင်ဆိပ်၊ ကျသောင်းဆိပ်၊ ကျောက်တောင်လေး၊ ကျောက်ဖျာ၊ ညာဖိုးခီးကျေးရွာများနှင့် ကြိုးဝိုင်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကြိုးဝိုင်း၊ ဘော်နော်ခီး၊ နို့ခဲကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 33/11 KV

လေးကေခာတ်အားခွဲရုံမှ 11 KV ခာတ်အားလိုင်း (၃၃.၃)မိုင်နှင့် 11/0.4 KV ထရန်စဖော်မာ(၁၅)လုံးတို့ ဆက်လက်တည်ဆောက်နိုင်ရေးအတွက် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်မှာ မွန်ပြည်နယ်အစိုးရရဲ့ ဘတ်ဂျက်ရန်ပုံငွေများမှာ ထည့်သွင်းလျာထားနိုင်ရေး ညှိနှိုင်းပေးသွားမှာဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေ ရရှိသည်နှင့်တစ်ပြိုင်နက် တည်ဆောက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးလေယာဉ်ကွင်းကို အဆင့်မြှင့်တင်၍ အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်း အဖြစ် တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။**　　။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးလေယာဉ်ကွင်းကို အဆင့်မြှင့်တင်၍ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းအဖြစ် တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်နေတဲ့ ဆက်သွယ်ရေးလမ်းကြောင်းများအနက် လေကြောင်းလိုင်း ဆက်သွယ်ရေးကဏ္ဍကို အဆင့်မြှင့်တင်ပေးရန် ရည်ရွယ်၍ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မှီတင်းနေထိုင်ကြသော “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တိုင်းရင်းသားများနဲ့ တစ်နိုင်ငံလုံးရှိ ခရီးသွား တိုင်းရင်းသားပြည်သူများသည် လားရှိုးမြို့တော်ကြီးကို အမှီပြု၍ ဆက်သွယ်သွားလာရပါတယ်။ မန္တလေး - လားရှိုး ကားလမ်းမကြီးသည် ရှုခင်းသာယာလှပသော်လည်း ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပွားတတ်သဖြင့် ဤအခက်အခဲများကို လမ်းပိုင်းအဆင့်မြှင့်တင်မှုဖြင့် ဖြေရှင်းဆောင်ရွက်နေပါတယ်။ ကျွန်တော့်အနေဖြင့် လေကြောင်းပျံသန်းမှုကဏ္ဍကို အဆင့်မြှင့်တင်ပေးရန် ဆောင်ရွက်စေလိုပါတယ်။

ယခုလက်ရှိ လားရှိုးလေယာဉ်ကွင်းသည် ပြေးလမ်းတိုပြီး ATR 72 ဆင်းသက်ရာ၌လည်း ကုန်ချိန်လျှော့၍ ဆင်းသက်နေရခြင်းနှင့် အများပြည်သူအနေဖြင့် လက်မှတ်ဝယ်ယူရန် အခက်အခဲများ ရှိနေပါတယ်။ လာမည့်ဘဏ္ဍာရေးနှစ်မှာ ပြေးလမ်း တိုးချဲ့ဆောင်ရွက်ပြီး အပြည်ပြည်ဆိုင်ရာလေဆိပ် အဖြစ် အဆင့်မြှင့်တင်ပေးပါက ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသများနှင့် မန္တလေး၊ နေပြည်တော်၊ ရန်ကုန် အစရှိသည်တို့ကို အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်သွားလာနိုင်မှာဖြစ်ပါတယ်။ နောင်ဖြစ်ပေါ် တိုးတက်ပြောင်းလဲလာမည့် ဈေးကွက်စီးပွားရေးစနစ် အနေအထားအရလည်း ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသများနှင့် ပြည်မဒေသများ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည့်လမ်းကြောင်း တစ်ရပ် အမှန်တကယ်လိုအပ်နေပြီဟု ယုံကြည်ထားပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အောက်ပါမေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လားရှိုးလေယာဉ်ကွင်းကို အဆင့်မြှင့်တင်ဖော်ထုတ်၍ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းအဖြစ် တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လားရှိုး - နေပြည်တော် လေယာဉ်ခရီးစဉ် ပျံသန်းမှုကို ရက်သတ္တပတ်လျှင် အနည်းဆုံး(၂)ကြိမ် တိုးချဲ့ပျံသန်းပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**၁၉၈၂ ခုနှစ်ကပင် ရပ်နားထားခဲ့သည့် ရခိုင်ပြည်နယ်၊ ဂွမြို့လေယာဉ်ကွင်းမှ လေယာဉ်ခရီးစဉ်များကို မည်သည့်အချိန်မှ စတင်၍ ပျံသန်းပြေးဆွဲသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း က ၁၉၈၂ ခုနှစ်ကပင် ရပ်နားထားခဲ့သည့် ရခိုင်ပြည်နယ်၊ ဂွမြို့လေယာဉ်ကွင်းမှ လေယာဉ်ခရီးစဉ်များကို မည်သည့်အချိန်မှ စတင်၍ ပျံသန်းပြေးဆွဲသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ လွတ်လပ်ရေးမရမီကာလကပင် စစ်သုံးလေယာဉ်ကွင်းအဖြစ် အသုံးပြု လာခဲ့ပြီး ၁၉၇၁ ခုနှစ်မှစတင်ကာ U.B.A မှ ဒါကိုတာလေယာဉ်များဖြင့် ခရီးစဉ်များ ပျံသန်းပြေးဆွဲ လာခဲ့ပြီး ၁၉၇၄ - ၁၉၇၅ ခုနှစ်ခန့်၌ တွင်အော်တာလေယာဉ်ငယ်များဖြင့် ခရီးစဉ်များ ပျံသန်းပြေးဆွဲ လာခဲ့ရာမှ ၁၉၈၂ ခုနှစ်၊ မေလကုန်အထိသာ ပျံသန်းပြေးဆွဲခဲ့ပြီး ၎င်းနောက်ပိုင်းမှ ယနေ့ထက်တိုင် လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းသွားခဲ့တဲ့ ဂွမြို့လေယာဉ်ကွင်းမှ လေယာဉ်ခရီးစဉ်များ မည်သည့် အချိန်မှ စတင်ကာ ပျံသန်းပြေးဆွဲသွားမည့် အစီအစဉ်များ ရှိ/မရှိကို သိရှိလို၍ မေးမြန်းသွားမှာဖြစ် ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်တစ်ခုဖြစ်တဲ့ ဂွမြို့ဟာ ရခိုင်ပြည်နယ် တောင်ဘက်အဆုံးမှာတည်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးနဲ့ ကပ်လျက်တည်ရှိနေတဲ့ ကမ်းခြေမြို့တစ်မြို့ ဖြစ်ပါတယ်။ ၁၈၇၂ ခုနှစ်ကပင် အင်္ဂလိပ် မြို့ပိုင်ရုံးစိုက်ရာမြို့ဖြစ်ခဲ့ပြီး ၁၂ - ၁၂ - ၁၉၇၂ ခုနှစ်မှာတော့ မြို့ပေါ်(၃)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားတဲ့ ပြည်ထဲရေးအမည်ပေါက် မြို့တစ်မြို့အဖြစ် တည်ရှိလာခဲ့ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဂွမြို့မှာ လွတ်လပ်ရေးမရမီကပင် ပင်လယ်ကမ်းခြေနှင့်ကပ်လျက် တည်ရှိအသုံးပြုလာခဲ့သည့် စစ်သုံးလေယာဉ်ကွင်းကို လွတ်လပ်ရေးရပြီးနောက် အလျားပေ(၄၀၀၀)၊ အနံပေ(၂၀၀)အကျယ် ပြေးလမ်းရှိတဲ့ လေယာဉ်ကွင်းအဖြစ် တိုးချဲ့တည်ဆောက်ကာ ၁၉၇၁ ခုနှစ်မှ စတင်၍ U.B.A မှ ဒါကိုတာလေယာဉ်များဖြင့် တစ်ပတ်လျှင်(၄)ရက် ပြေးဆွဲခဲ့ပြီး ၁၉၇၄ - ၁၉၇၅ ခုနှစ်မှာတော့ တွင်အော်တာလေယာဉ်ငယ်များဖြင့် တစ်ပတ်လျှင်(၂)ကြိမ် ပျံသန်းပြေးဆွဲလာခဲ့ပါတယ်။ ၁၉၈၂ ခုနှစ်၊ မေလကုန်အထိသာ ပြေးဆွဲခဲ့ပြီး ၎င်းနောက်ပိုင်းမှာ လေယာဉ်ခရီးစဉ်များ ရပ်နားထားခဲ့သည်မှာ ယနေ့အထိတိုင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၇၁ ခုနှစ် ဒါကိုတာလေယာဉ်အမျိုးအစားနှင့် စတင်ပျံသန်း ပြေးဆွဲစဉ်ကာလကပင် ဒါကိုတာလေယာဉ်များအစား ဖော်ကာလေယာဉ်ပျံများ အဆင်း/အတက် ပြုလုပ်နိုင်ရန် လေယာဉ်ပြေးလမ်း တိုးချဲ့တိုင်းတာမှုများကို U.B.A ရုံးချုပ်မှ အင်ဂျင်နီယာများကိုယ်တိုင် ကွင်းဆင်း တိုင်းတာခဲ့ကြပြီး ပြေးလမ်းအရှည်(၇၀၀၀)ပေအထိ သတ်မှတ်ခဲ့ပေမယ့်လည်း အကောင်အထည်မဖော်နိုင်ခဲ့ပါ။ တစ်ဖန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင်လည်း ပြေးလမ်းအရှည် ပေ(၁၀၀၀၀)အထိ တိုးချဲ့ တိုင်းတာခဲ့ကြပါသော်လည်း အကောင်အထည်ဖော်ဆောင်နိုင်ခြင်း မရှိတဲ့အတွက် ယခုအခါမှာ လေယာဉ်ကွင်းကို သံဇကာများဖြင့် ကာရံထားသည့်အဖြစ်ကိုသာ တွေ့နေရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၂ - ၁၁ - ၂၀၁၈ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွင် ပင်လယ်ကမ်းခြေချင်းဆက် ကျောက်ချွန်ချောင်းကူးတံတားကို ဖွင့်လှစ်နိုင်ခဲ့ပြီး အဆိုပါနေ့၌ ဂွမြို့ရိပ်သာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့မှ မကျည်းငူရွာနှင့် ဂွမြို့ချောင်းကူးတံတားကြီးတစ်စင်းကို ၂၀၁၉ - ၂၀၂၀ ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲပြီး ပြည်ထောင်စုနှင့်ပြည်နယ်တို့ ပူးပေါင်းတည်ဆောက်ရန် သဘောတူညီမှုများရှိခဲ့ပြီးဖြစ်ခြင်း၊ လမ်းတံတားဌာနမှလည်း ၂၀၁၇ ခုနှစ်ကပင် သာပေါင်းမြို့နယ် ကြက်သွန်ခင်းမှ (၄၂)မိုင်အကွာအဝေးတွင်ရှိတဲ့ ဂွမြို့နယ်၊ ကျောက်ချွန်ချောင်းတစ်ဖက်ကမ်းအထိ လမ်းအူကြောင်းရှာ၍ ကမ်းခြေပတ်လမ်းများ ဖောက်လုပ်နေခြင်းနှင့် ကျောက်ချွန်ရွာမှ မကျည်းငူရွာအထိလည်း ကွန်ကရစ်ကမ်းခြေပတ်လမ်းများ တည်ဆောက်ပြီး ဖြစ်နေသည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငွေဆောင်၊ ချောင်းသာအပန်းဖြေစခန်းများနှင့်ဆက်၍ သာပေါင်းမြို့နယ် ပင်လယ်ကမ်းခြေပတ်လမ်းနှင့် ဂွမြို့နယ်၊ ကျောက်ချွန်တံတားကိုဖြတ်ပြီး ဂွမြို့မှသည် ကမ်းသာယာအပန်းဖြေစခန်း၊ ငပလီအပန်းဖြေစခန်းများအထိ တစ်ဆက်တစ်စပ်တည်း သွားရောက်နိုင်ကြတော့မှာ ဖြစ်ပါတယ်။ ဒီအခြေအနေများကြောင့် ကုမ္ပဏီများနှင့် ဒေသခံလုပ်ငန်းရှင်များကလည်း ခရီးသွားလုပ်ငန်းကို အရှိန်မြှင့်ဆောင်ရွက်လာတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ရိုးမတောင်ကိုကျော်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ငသိုင်းချောင်းမြို့မှဖြတ်ကာ ရန်ကုန်မြို့အထိ ပြေးဆွဲနေကြသည့် ခရီးသည်တင်ကားများမှာ ဂွမြို့မှ ရန်ကုန်မြို့အထိ တစ်ညအိပ် ခရီးသွားရတယ်။ ကိုယ်ပိုင်ကားနဲ့ သွားမယ်ဆိုရင် (၈း၀၀)နာရီ မောင်းနှင်ရတာဖြစ်ပါတယ်။ ဒါကြောင့် ဂွမြို့ကို ခရီးအလည်အပတ် လာတဲ့လူတွေဟာ လမ်းမှာတင် အချိန်ကုန်နေရတာဖြစ်ပါတယ်။ လေကြောင်းလမ်းနဲ့မှ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ အပန်းဖြေလာလိုသူများနှင့် နိုင်ငံခြားသားဧည့်သည်များ အချိန်တိုအတွင်း ရောက်ရှိကာ အပန်းဖြေနိုင်ကြစေရန် လေကြောင်းလိုင်းကို အသုံးပြုနိုင်မှသာလျှင် အဆင်ပြေချောမွေ့မှာဖြစ်တဲ့အတွက် ၁၉၈၂ ခုနှစ်ကပင် ရပ်နားခဲ့သည့် ဂွမြို့လေယာဉ်ကွင်းမှ လေယာဉ်ခရီးစဉ်များ မည်သည့်အချိန်မှ စတင်ကာ ပျံသန်းပြေးဆွဲသွားရန် အစီအစဉ် ရှိ/မရှိဆိုသည်ကို သိရှိလို၍ ဒေသခံများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၇။**

**ဦးသာဦး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ၏ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးလေယာဉ်ကွင်းကို အဆင့်မြှင့်တင်၍ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းသည့်မေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦး က ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ လားရှိုးလေယာဉ်ကွင်းသည် ဒုတိယကမ္ဘာစစ်မတိုင်မီ ကာလကတည်းကရှိခဲ့တဲ့ အလျားပေ(၄၅၀၀)၊ အကျယ်ပေ(၁၀၀) ကတ္တရာပြေးလမ်း လေယာဉ်ကွင်းတစ်ကွင်းဖြစ်ပြီးတော့ ၁၉၅၁ ခုနှစ်မှာ ပြေးလမ်းကို ကျောက်ကတ္တရာခင်း ဆောင်ရွက်ခဲ့ပြီးတဲ့နောက် ဒါကိုတာလေယာဉ်များ စတင်အသုံးပြုခဲ့ပါတယ်။ ၁၉၇၀ ပြည့်နှစ်မှာ ပြေးလမ်းတောင်ဘက်သို့ ပေ(၄၀၀)ကို ကျောက်ကတ္တရာဖြင့်လည်းကောင်း၊ ပေ(၁၀၀)ကို သံကူကွန်ကရစ်ဖြင့်လည်းကောင်း၊ မြောက်ဘက်သို့ ပေ(၂၅၀)ကို ကျောက်ကတ္တရာဖြင့်လည်းကောင်း အသီးသီး တိုးချဲ့တည်ဆောက်ခဲ့တဲ့အတွက် စုစုပေါင်း ပြေးလမ်းအလျားပေ(၅၂၅၀) ရရှိခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ ခရီးသည်အဆောက်အအုံကိုလည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် အရေးကြီးပုဂ္ဂိုလ်ဆောင်ကိုလည်းကောင်း တည်ဆောက်ခဲ့ပြီးတော့၊ ၁၉၉၅ ခုနှစ်မှာ လေကြောင်းထိန်းမျှော်စင်တစ်ခုကို တည်ဆောက်ခဲ့ပါတယ်။

၂၀၀၇ - ၂၀၀၈ ခုနှစ်မှ ၂၀၁၀ - ၂၀၁၁ ဘဏ္ဍာရေးနှစ်များအတွင်း လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်းနှင့် လေယာဉ်ရပ်နားနေရာတို့ကို ထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၅ - ၂၀၁၆ ခုနှစ်မှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်များအတွင်း လေဆိပ်အဆောက်အအုံအသစ်တိုးချဲ့ တည်ဆောက်ခြင်းနဲ့ လေဆိပ်ဆိုင်ရာ ဆက်စပ်အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ လေဆိပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိမှာတော့ လားရှိုးလေဆိပ်ကို ပြည်တွင်းလေကြောင်းလိုင်း (၅)လိုင်းဖြစ်တဲ့ မြန်မာအမျိုးသားလေကြောင်း MNA၊ Yangon Airways၊ Air KBZ၊ Mann Yadanarpon နဲ့ Golden Myanmar လေကြောင်းလိုင်းတို့က စုစုပေါင်း တစ်ပတ်လျှင် (၂၅)ကြိမ်မှ (၃၀)အကြိမ်ခန့်အထိ ပျံသန်းဆင်းသက်လျက်ရှိပါတယ်။ လားရှိုးလေဆိပ်သို့ လေယာဉ်ဆင်းသက်မှုအနေနဲ့ ၂၀၁၂ ခုနှစ်မှာ (၉၇၂)ကြိမ်ရှိခဲ့ရာ ၂၀၁၈ ခုနှစ်မှာ (၁၇၈၆)ကြိမ်အထိ တိုးတက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်တွင် အနည်းငယ် ကျဆင်းခဲ့ခြင်းမှလွဲ၍ နှစ်စဉ် တိုးတက်မှုရှိကြောင်း တွေ့ရှိရပါတယ်။ လားရှိုးလေဆိပ်တွင် ၂၀၁၂ ခုနှစ်၌ စုစုပေါင်း ခရီးသည်(၄၅၆၉၂)ဦး ဝင်/ထွက်အသုံးပြုခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် စုစုပေါင်း ခရီးသည် (၁၄၉၆၁၅)ဦး ဝင်/ထွက် အသုံးပြုခဲ့ပြီး နှစ်စဉ် ခရီးသည်ဦးရေ တိုးတက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ လာရှိုးလေဆိပ်သို့ ဝင်/ထွက်သည့် စုစုပေါင်း ခရီးသည်ဦးရေ နှစ်စဉ် တိုးတက်ခဲ့သော်လည်း လွန်ခဲ့တဲ့ (၂)နှစ်ကစပြီးတော့ ခရီးသည်ဦးရေ တိုးတက်မှုနှုန်း ကျဆင်းလာခဲ့ကြောင်းတွေ့ရပါတယ်။

လားရှိုးလေယာဉ်ပြေးလမ်းကို တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ်(၂)ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်တို့မှ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ဖြင့် ၁၀ - ၁၀ - ၂၀၁၈ ရက်နေ့မှာ မန်းရတနာပုံ လေကြောင်းလိုင်း ATR 72 - 600 လေယာဉ်ဖြင့် ရန်ကုန်မှ လားရှိုးလေယာဉ်ကွင်းသို့ စမ်းသပ်ပျံသန်းဆင်းသက်ခဲ့ရာ လေယာဉ်ချဉ်းကပ်လမ်းကြောင်းသည် အဆင်ပြေမှုရှိခဲ့သော်လည်း လေယာဉ်ပြေးလမ်း၏ ခံနိုင်ရည်အားနှင့် အလျားကန့်သတ်ချက်ကြောင့် ဝန်အပြည့်ဖြင့် ပျံသန်း ဆင်း/တက်နိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

လားရှိုးလေဆိပ်ရဲ့ လက်ရှိလေယာဉ်ပြေးလမ်း အလျားပေ (၅၂၅၀) ကို တောင်ဘက်သို့ ပေ(၁၀၀၀)နဲ့ မြောက်ဘက်ကို ပေ(၂၅၀) အသီးသီးတိုးချဲ့နိုင်မည်ဆိုပါက စုစုပေါင်း လေယာဉ်ပြေးလမ်းအလျားပေ(၆၅၀၀) ရရှိလာမည်ဖြစ်ပြီး လက်ရှိလေယာဉ်ပြေးလမ်းကို ထပ်ပိုးလွှာတင်ခြင်း ကဲ့သို့သော ခံနိုင်ရည်ကို မြှင့်တင်သည့် မွမ်းမံခြင်းများ ဆောင်ရွက်ပြီးစီးပါက ATR 72 - 600 ကဲ့သို့သော ဝန်အပြည့်အလေးချိန် ကီလိုဂရမ်(၂၃၀၀၀)ရှိတဲ့ လေယာဉ်ငယ်များ အလေးချိန် ကန့်သတ်ချက်မရှိဘဲ ဆင်း/တက် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ လားရှိုးလေဆိပ် လေယာဉ်ပြေးလမ်းရဲ့ တောင်ဘက် (၁.၁၅)မိုင်အကွာမှာ ပေပေါင်း(၃၃၃၃)ရှိတဲ့ သာသနာ(၂၅၀၀) ဘုရားတောင်ကုန်းနဲ့ ဆက်သွယ်ရေးတာဝါတိုင်ရှိနေခြင်း၊ လေယာဉ်ပြေးလမ်းမြောက်ဘက် (၄.၃)မိုင်အကွာမှာ ပေ(၄၀၀၀)ကျော် အမြင့်ရှိလွယ်မတောင်ကြောရှိနေခြင်း၊ ပြေးလမ်း အနောက်ဘက်ခြမ်းတွင် ဆင်တောင်ရှိနေခြင်းတို့ကြောင့် လေကြောင်းပျံသန်းမှုဆိုင်ရာ ကန့်သတ်ချက်များ ရှိနေပါတယ်။ အဆိုပါ ကန့်သတ်ချက်များကြောင့်

လေယာဉ်များအနေနဲ့ လေယာဉ်ပြေးလမ်း မြောက်ဘက် တစ်ဖက်တည်းမှသာ ဆင်းသက်ပြီး တောင်ဘက်မှ မြောက်ဘက်သို့သာ ပျံတက်ရပါတယ်။

သို့ဖြစ်ပါ၍ လေယာဉ်ပြေးလမ်း၏ အလျားကို ပေ(၆၅၀၀)နှင့်အထက် ထပ်မံတိုးချဲ့ပါကလည်း Touchdown Point လို့ခေါ်တဲ့ လေယာဉ်များ ပြေးလမ်းပေါ်သို့ ဆင်းသက်ထိတွေ့ရမည့်နေရာကို ရွှေ့ပြောင်း၍ မရနိုင်ခြင်းကြောင့် ATR 72 - 600 ထက်ကြီးသော လေယာဉ်များ ဆင်း/တက်နိုင်မည်မဟုတ်ကြောင်း တွေ့ရှိရပါတယ်။ အထက်ပါအတိုင်း ပြေးလမ်းကို ပေ(၆၅၀၀)ဖြင့် တိုးချဲ့မည်ဆိုပါက တောင်ဘက်သို့ ပေ(၁၀၀၀)တိုးချဲ့နိုင်ရန်အတွက် တပ်ပိုင်မြေ(၁၇.၁၇)ဧကနဲ့ မြောက်ဘက်သို့ ပေ(၂၅၀)တိုးချဲ့နိုင်ရန်အတွက် တပ်ပိုင်မြေ(၁၁.၉၁)ဧက စုစုပေါင်းတပ်ပိုင်မြေ (၂၉.၀၈)ဧက လိုအပ်မည်ဖြစ်တဲ့အပြင် လေယာဉ်ကွင်းပတ်လမ်း ပေ(၃၄၀၀)ခန့်ကို လမ်းလွှဲတည်ဆောက်ရမှာ ဖြစ်တဲ့အတွက် ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းရမှာဖြစ်ပါတယ်။ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်းနဲ့ လေဆိပ်အဆောက်အအုံတို့၏ စံချိန်စံညွှန်းအရ ရှိသင့်သည့်အကွာအဝေးများသည် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့(ICAO)က သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းများနဲ့ ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရန်အတွက် မြေဧရိယာ လုံလောက်မှုမရှိခြင်းနှင့် လေယာဉ်ပြေးလမ်းအလျားကို ပေ(၆၅၀၀)ထက် ပိုပြီးတိုးချဲ့တည်ဆောက်ပါကလည်း လေယာဉ်ကွင်းပတ်ဝန်းကျင်ရှိ အတားအဆီး ကန့်သတ်ချက်များကြောင့် ATR 72 - 600 ကဲ့သို့ လေယာဉ်ငယ်များထက်ကြီးသော အလယ်အလတ်နှင့် လေယာဉ်ကြီးများ ဆင်း/တက်၍ မရနိုင်ခြင်းတို့ကြောင့် အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းအဖြစ် တိုးချဲ့တည်ဆောက်၍မရနိုင်ပါကြောင်းနှင့် နောင်တစ်ချိန်တွင် နိုင်ငံခြားက တိုက်ရိုက်ပျံသန်းသည့် စင်းလုံးငှားလေယာဉ်ငယ်များ ဆင်း/တက် အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးနိုင်သော လေဆိပ်အဖြစ်သာ အဆင့်မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဒုတိယမေးမြန်းချက်ဖြစ်တဲ့ လားရှိုး - နေပြည်တော် လေယာဉ်ခရီးစဉ်ပျံသန်းမှုကို ရက်သတ္တပတ်လျှင် အနည်းဆုံးနှစ်ကြိမ် တိုးချဲ့ပျံသန်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ လားရှိုးလေယာဉ်ကွင်းကို ဆင်းသက်နေတဲ့ လေကြောင်းလိုင်းများသည် လားရှိုးလေယာဉ်ကွင်း၏ အလေးချိန် ကန့်သတ်ချက်များရှိနေတဲ့အတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများမှ စတင်၍ ဟဲဟိုး - တာချီလိတ် စတဲ့ အခြားမြို့များနဲ့ ချိတ်ဆက်ပြီးတော့ ခရီးစဉ်တစ်ခုတည်းမှာ ပူးပေါင်းတင်ဆောင်၍ ထိုင်ခုံလျှော့တင်သည့်စနစ်ဖြင့်သာ ပျံသန်းပြေးဆွဲလျက်ရှိပါတယ်။

နေပြည်တော် - လားရှိုး ခရီးစဉ်ပြေးဆွဲမည်ဆိုပါက အထက်ဖော်ပြပါနည်းတူ လက်ရှိပြေးဆွဲနေသော မြို့များနှင့် ပူးပေါင်းတင်ဆောင်မည့် စနစ်တွင် ထပ်မံထည့်သွင်း ပြေးဆွဲသွားမည်ဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ လားရှိုးလေယာဉ်ကွင်း၏ အလေးချိန်ကန့်သတ်ချက်များကြောင့် လေကြောင်းလိုင်းများအနေဖြင့် ထိုင်ခုံလျှော့၍ တင်ဆောင်နေရသဖြင့် လားရှိုးသို့ ပျံသန်းမည့် ခရီးစဉ်တွင် မြို့တစ်မြို့ထပ်တိုး၍ ပြေးဆွဲရန် အစီအစဉ် မရှိသေးပါကြောင်း ATR 72 - 600 လေယာဉ်များ အလေးချိန်ကန့်သတ်ချက်မရှိ ဆင်း/တက် အသုံးပြုနိုင်မည့်အချိန်တွင်သာ ခရီးသည်ရရှိမှုအပေါ် မူတည်၍ လားရှိုး - နေပြည်တော် ခရီးစဉ်ကဲ့သို့သော တိုးချဲ့ခရီးစဉ်များ ပျံသန်းပြေးဆွဲနိုင်ရေးအတွက် လေ့လာသုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ၏ ၁၉၈၂ ခုနှစ်ကပင် ရပ်နားထားခဲ့သည့် ရခိုင်ပြည်နယ်၊ ဂွမြို့လေယာဉ်ကွင်းမှ လေယာဉ်ခရီးစဉ်များကို မည်သည့်အချိန်မှ စတင်၍ ပျံသန်းပြေးဆွဲသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ကျွန်တော်က ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလို ဂွလေယာဉ်ကွင်းကို လွတ်လပ်ရေးမရမီကပင် စစ်သုံးလေယာဉ်ကွင်းအဖြစ် အသုံးပြုခဲ့ရာမှာ မူလ အလျား ပေ(၃၈၀၀)၊ အကျယ် ပေ(၁၀၀) ရှိပြီးတော့ လက်ရှိမှာတော့ အလျား ပေ(၄၂၆၀) အကျယ် ပေ(၁၀၀)ရှိတဲ့ ကျောက်လုံးဝမပါတဲ့မြေသားသက်သက်ကို ကြိတ်လှိမ့်ထားတဲ့ပြေးလမ်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ ဂွလေယာဉ်ကွင်းကို ၁၉၇၁ ခုနှစ်ကစပြီးတော့ ဒါကိုတာ လေယာဉ်များဖြင့်လည်းကောင်း၊ နောက်ပိုင်းမှာ တွင်အော်တာလေယာဉ်များဖြင့်လည်းကောင်း ပျံသန်းပြေးဆွဲခဲ့ပြီးနောက် ၁၉၈၂ ခုနှစ်တွင် လေယာဉ်ဆင်းသက်မှုများ ရပ်ဆိုင်းခဲ့ရပါတယ်။

၁၉၈၃ ခုနှစ်၊ အောက်တိုဘာလမှာ တွင်အော်တာလေယာဉ် မတော်တဆထိခိုက်ပျက်ကျမှု ထပ်မံဖြစ်ပွားခဲ့ပါတယ်။ အဲဒါကြောင့် တွင်အော်တာလေယာဉ်များ အသုံးပြုမှုကို ရပ်ဆိုင်းခဲ့ပါတယ်။ ၎င်းနောက်ပိုင်းမှ ယခုအချိန်အထိ ဂွလေယာဉ်ကွင်းသို့ လေယာဉ်ခရီးစဉ်များ ပြေးဆွဲခြင်း လုံးဝမရှိတော့ပါ။ ဂွလေယာဉ်ကွင်းသို့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ဆောက်လုပ်ရေးကော်ပိုရေးရှင်းမှ ပညာရှင်များပါဝင်သော လေယာဉ်ကွင်းစစ်ဆေးရေးအဖွဲ့က ၂၃ - ၉ - ၁၉၈၄ ရက်နေ့မှာ ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် ပြေးလမ်းသည် မြေသားသက်သက် ပြေးလမ်းဖြစ်သဖြင့် ထိုအချိန်က BAC အသုံးပြုနေသည့် ဖော်ကာအက်ဖ် - 27 လေယာဉ်များ ဆင်းသက်နိုင်မှုအခြေအနေမရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။

ထို့နောက် ၂၄ - ၁၂ - ၁၉၉၄ ရက်နေ့မှာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဂွလေယာဉ်ကွင်းကို တိုးချဲ့တည်ဆောက်နိုင်မယ့် အခြေအနေကို ကွင်းဆင်းလေ့လာခဲ့ရာမှာ ပထမအဆင့်အနေဖြင့် အလျားပေ (၈၀၀၀)အထိလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် အလျားပေ(၁၀၀၀၀) အထိ တိုးချဲ့တည်ဆောက်နိုင်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ သို့ဖြစ်၍ လေယာဉ်ပြေးလမ်းကို အလျားပေ(၈၀၀၀)၊ အကျယ်ပေ(၁၀၀) တိုးချဲ့တည်ဆောက်ရန်အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ပြေးလမ်းပုံစံထုတ်ရန် လုပ်ငန်းအပ်နှံခဲ့သော်လည်း ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်မှုမရှိခဲ့ပါ။ ၇ - ၉ - ၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ဂွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ ရဲ့ လက်ရှိ ဂွလေယာဉ်ကွင်းကို ယခုထက်ပိုမိုဆိုးရွားစွာ ပျက်စီးမသွားစေဖို့ ခြံစည်းရိုးများစနစ်တကျဝန်းရံထားခြင်းကို နိုင်ငံတော်မှ ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြချက်အရ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကိုဆောင်ရွက်ရန် ဂွမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှ ဦးစီးမှူးတို့နဲ့အတူ ၂၉ - ၉ - ၂၀၁၄ ရက်နေ့မှ ၄ - ၁၀ - ၂၀၁၄ ရက်နေ့အထိ အသေးစိတ် ကွင်းဆင်းတိုင်းတာခဲ့ပြီး လေယာဉ်ကွင်းဧရိယာပတ်လည်ကို သံကူကွန်ကရစ်တိုင်များဖြင့် သွပ်ဆူးကြိုး ခြံစည်းရိုး

ကာရံခြင်းလုပ်ငန်းကို ၂၇ - ၁ - ၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၃၁ - ၃ - ၂၀၁၅ ရက်နေ့မှာ ပြီးစီးခဲ့ပါတယ်။

ဂွလေယာဉ်ကွင်းသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထိန်းသိမ်းထားသော ပြည်တွင်းလေယာဉ်ကွင်းများအနက် လေယာဉ်ဆင်းသက်မှုမရှိတော့သည့် ပြေးလမ်းတိုလေယာဉ်ကွင်း တစ်ခုဖြစ်ပါတယ်။ လက်ရှိဂွလေယာဉ်ကွင်းမြေနေရာမှာ ပြည်တွင်းလေကြောင်းလိုင်းများက လက်ရှိ အသုံးပြုနေသော ATR - 72 လေယာဉ်များ ဆင်းသက်အသုံးပြုနိုင်ရေးအတွက် လေယာဉ်ကွင်းကို အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်ရန် လိုအပ်မှာဖြစ်ပါတယ်။ ဂွလေယာဉ်ကွင်းကို အဆင့်မြှင့်တင်ရေး လုပ်ငန်းသည် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)က ၂၀၁၄ ခုနှစ်တွင် ရေးဆွဲပေးခဲ့သော မြန်မာနိုင်ငံ National Transport Master Plan နှင့် လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆောင်ရွက်မည့် လျာထားစီမံကိန်းလုပ်ငန်းအစီအစဉ်တွင် ပါဝင်ခြင်း မရှိသောကြောင့် လေယာဉ်ခရီးစဉ် ပျံသန်းမှုများပြားသည့် လေယာဉ်ကွင်းများတွင် လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်း/တက်အသုံးပြုနိုင်ရေးအတွက် နှစ်စဉ် ခွင့်ပြုရရှိသည့် ဘဏ္ဍာ ရန်ပုံငွေဖြင့် အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်လျက် ရှိသဖြင့် ဂွလေယာဉ်ကွင်းကို အဆင့်မြှင့်တင်ရန် အစီအစဉ် မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

သို့ရာတွင် အနာဂတ်ကာလ၌ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ဂွမြို့နယ်၏ ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာ စေရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်က ချမှတ်သည့်မူဝါဒအရ ဂွလေယာဉ်ကွင်းကို တိုးချဲ့ တည်ဆောက်ရန် လိုအပ်လာတဲ့အချိန်မှာ ပြည်ထောင်စုရန်ပုံငွေဖြင့် သို့မဟုတ် ပုဂ္ဂလိကကဏ္ဍနှင့် ပူပေါင်းဆောင်ရွက်သည့် PPP စနစ်ဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းနှင့် လက်ရှိအချိန်တွင် လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရန် လျာထားအစီအစဉ် မရှိပါသဖြင့် ဂွလေယာဉ်ကွင်းသို့ လေယာဉ်ခရီးစဉ်များ ပျံသန်းပြေးဆွဲရန် ပြန်လည်စတင်နိုင်မည့်အချိန်ကို ခန့်မှန်း၍မရသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ် သောကော်မတီဝင်က မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀:၄၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၀။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော် ကြီးများအားလုံး ယနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ဒုတိယဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့

နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ - ၁) ၁/၂၀၁၉ - ၀၈၃

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၉ ရက်

၁။ ကျွန်တော်တို့ ကော်မတီအနေနဲ့ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနဲ့ စပ်လျဉ်းတဲ့ အစီရင်ခံစာကို ပြီးခဲ့တဲ့နှစ် ၁၂ - ၁၂ - ၂၀၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းအပေါ်မှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေး တို့ကနေပြီးတော့ ၂၂ - ၁ - ၂၀၁၉ ရက်နေ့တွင် အကြံပြု ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ပညာရှင်များနှင့် ၂၄ - ၁ - ၂၀၁၉ ရက်နေ့၊ ၄ - ၂ - ၂၀၁၉ ရက်နေ့နှင့် ၁၄ - ၂ - ၂၀၁၉ ရက်နေ့တို့မှာ (၃)ကြိမ်တိုင်တိုင် တွေ့ဆုံညှိနှိုင်းပြီးတော့မှ ဆွေးနွေးခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ ကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို တင်ပြပါမယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို လေ့လာစိစစ်ခဲ့တဲ့နေရာမှာ -

(က) ပိုမိုပြည့်စုံမှုရှိစေဖို့အတွက် အဆိုပြုပြင်ဆင်ထားတဲ့ အပိုဒ် ၅၊ အပိုဒ်ခွဲ(က)မှာ ဖော်ပြထားတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားတဲ့ ဖွဲ့စည်းပုံအတိုင်း ဆိုသည့် စကားရပ်ကိုတော့ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသည့် ကော်ပိုရေးရှင်းများ၏ ဖွဲ့စည်းပုံအတိုင်း ဆိုသည့်စကားရပ်နဲ့ အစားထိုးသင့်ကြောင်း တင်ပြလိုပါတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို စီးပွားရေးဆန်ဆန် ကော်ပိုရေးရှင်းအဖြစ် အသွင်ပြောင်းလဲ ဆောင်ရွက်တာဖြစ်ပေမယ့်လည်း နိုင်ငံတော်က ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံထားတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒီအတွက် ကော်ပိုရေးရှင်းရဲ့ ပိုင်ဆိုင်မှုအရပ်ရပ်ဆိုင်ရာ တန်ဖိုးနှင့် ကိန်းဂဏန်းအချက်အလက်တွေကို တိကျစွာ မှတ်တမ်းတင်ထားရှိဖို့ လိုအပ်တဲ့အတွက်ကြောင့်မို့လို့ အပိုဒ် ၆ ရဲ့နောက်မှာ အပိုဒ် ၇ အဖြစ် ဝန်ကြီးဌာနသည် ပုဒ်မ ၆ ပါ လုပ်ငန်းစဉ်များအား ဆောင်ရွက်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပိုင်ဆိုင်မှုအရပ်ရပ်နှင့်

ပတ်သက်ပြီး တန်ဖိုးဖြတ်မှုများ၊ ကိန်းဂဏန်းနှင့် စာရင်းအင်းအချက်အလက်များ မှတ်တမ်းတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစစ်ဆေးရေး အဖွဲ့တစ်ရပ်အား ဝန်ကြီးဌာနသို့ ယင်းအချက်အလက်များအပေါ် အစီရင်ခံစာ ပြုစု တင်ပြနိုင်ရန် ကာလသတ်မှတ်၍ ဖွဲ့စည်းဆောင်ရွက်ရမည် ဆိုပြီးတော့ အသစ်ဖြည့်စွက် သင့်ကြောင်း တင်ပြအပ်ပါတယ်။ စီမံခန့်ခွဲရေးအဖွဲ့ရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ် ခြင်းခံရမည့်သူက စီမံခန့်ခွဲရေးဆိုင်ရာ အတွေ့အကြုံသာမကပါဘူး။ ဆက်သွယ်ရေး လုပ်ငန်းနယ်ပယ်မှာလည်း အတွေ့အကြုံရှိဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ အပိုဒ် ၈ ကို အပိုဒ် ၉ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)မှာ ဖော်ပြထားတဲ့ စကားရပ်များအစား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဆက်သွယ်ရေးလုပ်ငန်း အတွေ့အကြုံရှိသူတစ်ဦးကို ဥက္ကဋ္ဌ အဖြစ် တာဝန်ပေးဖို့ ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ ပါတယ်။

(ခ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကို စီးပွားရေးကော်ပိုရေးရှင်းအဖြစ် အသွင်ကူးပြောင်း ဆောင်ရွက်တဲ့နေရာမှာ လက်ရှိတာဝန်ထမ်းဆောင်ရတဲ့ ဦးဆောင်ညွှန်ကြားရေးမှူး သာမကပါဘူး အခြားပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကိုပါ CEO ရွေးချယ် တာဝန်ပေးအပ်နိုင်ဖို့အတွက် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၀ ကို အပိုဒ် ၁၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ အပိုဒ်ခွဲ(က)မှာ ဖော်ပြထားတဲ့ ဦးဆောင်ညွှန်ကြား ရေးမှူးကို တာဝန်ပေးအပ်နိုင်သည် ဆိုသည့် စကားရပ်အစား ဦးဆောင်ညွှန်ကြား ရေးမှူး သို့မဟုတ် ဆက်သွယ်ရေးနည်းပညာ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုကျွမ်းကျင်သူ ကို တာဝန်ပေးအပ်နိုင်သည် ဆိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် အစားထိုးသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ တာဝန်ထမ်းဆောင်ရမယ့် သက်တမ်းကုန်ဆုံးပေမယ့်လည်း စွမ်းဆောင်ရည်အပေါ် မူတည်ပြီးတော့ ဆက်လက် တာဝန်ပေးအပ်နိုင်ရန်အတွက် အပိုဒ် ၁၃ ကိုလည်း အပိုဒ် ၁၄ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ အပိုဒ်ခွဲ(ခ)မှာ ဖော်ပြထားတဲ့ စကားရပ်တွေအစား စီမံခန့်ခွဲရေးအဖွဲ့ဝင်များသည် သာမန်အားဖြင့် ရာထူးသက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မရှိစေရ။ သို့ရာတွင် ကော်ပိုရေးရှင်း၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည် အပေါ်မူတည်၍ ဝန်ကြီးဌာနက ဆက်လက်တာဝန်ပေးအပ်နိုင်သည် ဆိုပြီးတော့ ပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါတယ်။ အမှုဆောင်အရာရှိချုပ် CEO အနေနဲ့ အခြားစီမံခန့်ခွဲရေး အဖွဲ့ဝင်များနည်းတူ လုပ်ငန်းစွမ်းဆောင်ရည်အပေါ်မှာ မူတည် ပြီးတော့သာ တာဝန်ထမ်းဆောင်နိုင်ခွင့်ရှိဖို့အတွက် အပိုဒ်ခွဲ(ဂ)မှာ ပါရှိတဲ့ အမှုဆောင်အရာရှိချုပ်မှအပ ဆိုတဲ့စကားရပ်ကို ပယ်ဖျက်ပြီးတော့ အခြား Board Of Director အဖွဲ့ဝင်များနဲ့ အတူတူပဲ ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ် ပါတယ်။

(ဂ) ကော်ပိုရေးရှင်း၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝန်ထမ်းများရဲ့ လုပ်ငန်းစွမ်းဆောင်ရည်ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီဝန်ထမ်းတွေရဲ့ လုပ်ငန်းစွမ်းဆောင်ရည်ကို အကဲဖြတ်သုံးသပ်ဆောင်ရွက်နိုင်ဖို့အတွက် အပိုဒ် ၂၄၊ အပိုဒ်ခွဲ(ဂ) ရဲ့နောက်မှာတော့ အပိုဒ်ခွဲ(ဃ)အဖြစ် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အပြန်အလှန်ထိန်းကျောင်းမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရန်အတွက် ဝန်ထမ်းများအား (၆)လတစ်ကြိမ် အရည်အသွေးနှင့် လုပ်ဆောင်ချက် ရလဒ်အညွှန်းကိန်း (Key Performance Index) စစ်ဆေးခြင်း ဆိုတဲ့စကားရပ်ကိုလည်း အသစ်ဖြည့်စွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။ နောက်လုပ်ငန်းရဲ့ အစီရင်ခံစာတွေကို ပိုမိုပီပြင်စွာ ပြုစုတင်ပြနိုင်ဖို့အတွက် အပိုဒ်ခွဲ(ဌ)အဖြစ် ဝန်ကြီးဌာနကို နှစ်စဉ် Annually တစ်ကြိမ်တင်မယ့်အစား Biannual ပါ တင်သင့်တဲ့အတွက်ကြောင့်မို့လို့ ဝန်ကြီးဌာနသို့ နှစ်ဝက်စီမံချက်နှင့် နှစ်စဉ်စီမံချက် တင်ပြခြင်းဆိုပြီးတော့ နှစ်ကြိမ်တင်ပြဖို့ ဒီလိုပြင်ဆင်သင့်ကြောင်းလည်း တင်ပြအပ်ပါတယ်။ တည်ဆဲဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်ရာမှာ တိကျစွာလိုက်နာဆောင်ရွက်နိုင်ဖို့အတွက် အပိုဒ် ၂၆ ကိုတော့ ကော်ပိုရေးရှင်းသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်လိုပါက ဆက်သွယ်ရေးဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်ရယူ၍ ဆောင်ရွက်ရမည်လို့ ပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါတယ်။ အရေးအသား ဆီလျော်ညီညွတ်မှုရှိစေဖို့အတွက်တော့ အပိုဒ် ၃၄ ကို အပိုဒ် ၃၅ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်ခွဲ(က)မှာ ဖော်ပြထားတဲ့ နိုင်ငံတော်က မတည်ထုတ်ပေးထားသော ဆိုတဲ့ စကားရပ်နေရာမှာတော့ နိုင်ငံတော်က ကနဦးမတည်ထုတ်ပေးထားသော ဆိုတဲ့ စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။

၃။ လွှတ်တော်ထဲမှာ အကြံပြုဆွေးနွေးခဲ့တဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေး ကတော့ ဒီဥပဒေကြမ်းဟာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့ ပင်စင်ခံစားခွင့်များနှင့် ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့လာမည့် ဝန်ထမ်းများအတွက် သုံးစွဲရမည့်စရိတ်တို့ကို အသေးစိတ်တွက်ချက်ပြီး ဘဏ္ဍာရန်ပုံငွေကနေပြီးတော့ ရေရှည်ကျခံနိုင်ခြင်း ရှိ/မရှိ စိစစ်ပြီးတော့မှသာ ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲသင့်သဖြင့် ဤဥပဒေကြမ်းကို ပြဋ္ဌာန်းရန်မသင့်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါတယ်။

၄။ ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင် အနေနဲ့လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ လုပ်ကိုင်ဆောင်ရွက်လာတာမှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲလိုတယ်ဆိုရင် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်းမရှိတော့တဲ့ ကော်ပိုရေးရှင်းတစ်ခုအဖြစ် ပြောင်းလဲသင့်တဲ့အတွက်ကြောင့်မို့လို့ ဒီဥပဒေကြမ်းကို ပြဋ္ဌာန်းဖို့ မသင့်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါတယ်။

၅။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဝင် အများစုအနေနဲ့တော့ ဒီဥပဒေကြမ်းဟာ နိုင်ငံပိုင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာ

စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ရှိမည့် နိုင်ငံပိုင်ကော်ပိုရေးရှင်းတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်ဖို့ လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ စီးပွားရေးကော်ပိုရေးရှင်းတွေအဖြစ် ခေတ်စနစ်နှင့်လျော်ညီစွာ ပြောင်းလဲဆောင်ရွက်ရမယ့်နေရာမှာ စံနမူနာပြုပြဋ္ဌာန်းသင့်တဲ့ ဥပဒေတစ်ရပ် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းကို လွှတ်တော်များက ကြိုဆိုသင့်ကြောင်းကိုလည်း ကျွန်တော်တို့ကော်မတီအနေနဲ့ အလေးအနက်ထား တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်က ဒီဥပဒေကြမ်းကို အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါမယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၆။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအနေနဲ့ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ပညာရှင်တွေနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါတဲ့အတွက်ကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ မူလပြင်ဆင်ချက်များနှင့် ယခုထပ်မံပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်ကြီးက ဆက်လက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင် နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေး တို့ရဲ့ တင်ပြချက်တွေအပေါ်မှာတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၁ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၃)ဦးတို့က ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီက မူလပြင်ဆင်ချက်များနှင့် ယခုထပ်မံပြင်ဆင်ချက်များအတိုင်း ဆက်လက်အတည်ပြုသင့်ကြောင်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေး နှင့် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင် တို့က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းရန်မသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့တယ်လို့ ဥပဒေကြမ်းကော်မတီက တင်ပြသွားပါတယ်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောမတူတဲ့သူ ရှိတဲ့အတွက် ပထမဦးစွာ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြဋ္ဌာန်းရန် သင့်/မသင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ် (၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကို ပြဋ္ဌာန်းရန်သင့်ကြောင်း သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+)သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး ပြဋ္ဌာန်းရန် မသင့်ကြောင်း သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-)သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကို ပြဋ္ဌာန်းသင့်သည် ဆိုသည့်အချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ဆက်လက်ရယူမှာဖြစ်ပြီး ကန့်ကွက်မဲများပါက ဥပဒေကြမ်းကို ပြဋ္ဌာန်းရန် မသင့်ကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၂၇)မဲ၊ ကန့်ကွက်မဲ (၅၉)မဲ၊ ကြားနေမဲ (၅)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ဆက်လက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဒေါ်နွယ်နွယ်အောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းအလိုက် တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်သော -

အပိုဒ် ၂၊ အပိုဒ် ၄ အပိုဒ်ခွဲ (ခ)(ဃ)(စ)၊ အပိုဒ် ၅ အပိုဒ်ခွဲ (က)၊ အပိုဒ် ၇ တို့ကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၊ အပိုဒ် ၄ အပိုဒ်ခွဲ(ခ)(ဃ)(စ)၊ အပိုဒ် ၅ အပိုဒ်ခွဲ (က)၊ အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အပိုဒ်ကို -

အပိုဒ် ၉ (က) အပိုဒ်ခွဲငယ် (၁)(၃)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ (က)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၈၊ အပိုဒ် ၂၂ အပိုဒ်ခွဲ (ဆ)၊ အပိုဒ် ၂၃ တို့ကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။　　။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁)(၃)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ (က)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၈၊ အပိုဒ် ၂၂ အပိုဒ်ခွဲ (ဆ)၊ အပိုဒ် ၂၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၂၄ အပိုဒ်ခွဲ (ဃ)(၄)၊ အပိုဒ် ၂၅ အပိုဒ်ခွဲ (ဆ)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁)၊ အပိုဒ် ၃၂ အပိုဒ်ခွဲ (က) တို့ကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။　　။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၄ အပိုဒ်ခွဲ (ဃ)(၄)၊ အပိုဒ် ၂၅ အပိုဒ်ခွဲ (ဆ)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁)၊ အပိုဒ် ၃၂ အပိုဒ်ခွဲ (က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်သော -

အပိုဒ် ၃၄၊ အပိုဒ် ၃၅ အပိုဒ်ခွဲ (က)၊ အပိုဒ် ၃၆ အပိုဒ်ခွဲ (က)(င)(စ)၊ အပိုဒ် ၃၇ အပိုဒ်ခွဲ (က)၊ အပိုဒ် ၃၈ အပိုဒ်ခွဲ (က)(ခ)၊ အပိုဒ် ၃၉၊ အပိုဒ် ၄၂ တို့ကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၄၊ အပိုဒ် ၃၅ အပိုဒ်ခွဲ (က)၊ အပိုဒ် ၃၆ အပိုဒ်ခွဲ (က)(င)(စ)၊ အပိုဒ် ၃၇ အပိုဒ်ခွဲ (က)၊ အပိုဒ် ၃၈ အပိုဒ်ခွဲ (က)(ခ)၊ အပိုဒ် ၃၉၊ အပိုဒ် ၄၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်ဖြစ်သော -

အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၄၅ တို့ကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။

အမျိုးသားလွှတ်တော်က ယခု ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသည့် ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပေးပါရန်နှင့် အတည်ပြုပေးပါရန် လွှတ်တော်ကို တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဦးသာဦး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသာဦး ဖြစ်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံပိုင်အော်ပရေတာဖြစ်တဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နိုင်တဲ့ ကော်ပိုရေးရှင်းအသွင်သို့ ပြောင်းလဲရန် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းကို ရေးဆွဲခဲ့ပြီး အမျိုးသားလွှတ်တော်မှ ဆွေးနွေးပေးနိုင်ရန်အတွက် ၁၂ - ၁၂ - ၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် တင်သွင်းခဲ့ပါတယ်။ အဆိုပါ ဥပဒေကြမ်းကို ၂၂ - ၁ - ၂၀၁၉ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများဖြစ်တဲ့ ဒေါက်တာဦးကြွယ်ကြွယ်၊ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးလင်းတင်ဌေးတို့မှ အကြံပြုဆွေးနွေးခဲ့ကြခြင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့်တကွ ဝိုင်းဝန်းဆွေးနွေးပေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းခြင်းအားဖြင့် နိုင်ငံတော်က အရင်းအနှီးအားလုံးပိုင်ဆိုင်မည့် စီမံခန့်ခွဲရေး၊ ငွေရေးကြေးရေးနှင့် လုပ်ငန်းကိစ္စများကို ဈေးကွက်စီးပွားရေးနှင့်အညီ လုပ်ငန်းများဆောင်ရွက်နိုင်မယ့် နိုင်ငံပိုင်ကော်ပိုရေးရှင်းတစ်ခု ပေါ်ထွန်းလာခြင်း၊ မြန်မာနိုင်ငံ၏ တယ်လီကွန်းဈေးကွက်အတွင်း နိုင်ငံပိုင်အော်ပရေတာရဲ့ ပါဝင်နိုင်မှုအခန်းကဏ္ဍ မှေးမှိန်ပျောက်ကွယ်မသွားစေရေးအတွက် ရရှိလာတဲ့ဈေးကွက်ဝေစုကို ဆက်လက်ထိန်းသိမ်းထား

နိုင်ခြင်း၊ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းအတွက် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံပိုင်ကော်ပိုရေးရှင်း တစ်ခုအနေဖြင့် နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး နိုင်ခြင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ ပိုမိုတိုးချဲ့နိုင်ခြင်း စတဲ့အကျိုးကျေးဇူးများ ရရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံပိုင်အော်ပရေတာဖြစ်တဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဈေးကွက်စီးပွားရေး နှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ယခု အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ အဆိုပြု တင်ပြထားသည့်အတိုင်း မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းကို အမျိုးသား လွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာဖြင့် အဆိုတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၄၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၄၈။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်းကို အဆိုတင်သွင်းခြင်းနှင့် ပတ်သက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဇော်ဟိန်း မှ ထောက်ခံပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁:၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည် ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)၏ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမူဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သော အမျိုးသားမြေဥပဒေ(National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမူဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည် စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး တင်သွင်းထားတဲ့ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမူဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သော အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမူဝါဒကို ပြန်လည် သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည် စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။ တစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာဖြစ်ပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၀။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကိုယ်ရောစိတ်ပါ ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ရဲ့ အမျိုးသားမြေအသုံးချမူဝါဒ (National Land Use Policy)

ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် အမျိုးသားမြေဥပဒေ (National Land Law) အရေးတကြီး လိုအပ်နေတယ်ဆိုတဲ့အပိုင်းနှင့် ဥပဒေမပေါ်သေးတဲ့ ကြားကာလမှာ ကာလလတ်၊ ကာလရှည် စီမံကိန်းများ၊ မူဘောင်များ ချမှတ်ဆောင်ရွက်သွားရန်ဆိုတဲ့အပိုင်း အဲဒီ (၂)ပိုင်းကို ကျွန်တော် ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ အမျိုးသားမြေအသုံးချမူဝါဒကို အတည်ပြု ပြဋ္ဌာန်းခဲ့ကြပါတယ်။ အဲဒီနောက်ပိုင်းမှာ လက်ရှိအစိုးရအနေနဲ့ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကနေပြီးတော့ ပြင်ဆင်ချမှတ်မည့် မူဝါဒ၊ လုပ်ငန်းစဉ်နှင့် ဆောင်ရွက်ရန် အချက်များဆိုတဲ့ ခေါင်းစဉ်ပါ မူဝါဒ (၅၂)ချက်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါ မူဝါဒများဟာ တရားဥပဒေပြဋ္ဌာန်းချက်များ မဟုတ်ကြတဲ့အတွက် ဥပဒေကဲ့သို့ စည်းနှောင်အား အပြည့်အဝ မရှိဘဲနဲ့ အားနည်းချက်များ ရှိနေတယ်ဆိုတဲ့ဟာကို ကျွန်တော် ဦးစွာသာဓကအနေနဲ့ တင်ပြလိုပါတယ်။

ကျွန်တော်တို့ အဲဒီ မြေယာမူဝါဒ (၅၂)ချက်ရယ်။ နိုင်ငံတော်က သိမ်းဆည်းသည့် လယ်ယာမြေနှင့် အခြားမြေများ မူလမြေပိုင်ရှင်များက ပြန်လည်လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်းသည့် မူဝါဒ (၁၀)ရပ်နဲ့ အမှတ်(၄) မူဝါဒဖြစ်တဲ့ သိမ်းဆည်းသည့်မြေကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်ခဲ့မှုမရှိသည့်အပြင် လက်ရှိ အများပြည်သူအကျိုးအတွက် အသုံးပြုခြင်းမရှိသည့်မြေကို ပြန်လည်လျှောက်ထားခြင်းဖြစ်ပါက မူလပိုင်ရှင်ဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်မှု သို့မဟုတ် ဥပဒေနှင့်အညီ ပိုင်ဆိုင်ခွင့်ရှိကြောင်း သတ်မှတ်ခံရသူ သို့မဟုတ် သက်သေခံစာရွက်စာတမ်း၊ အထောက်အထားမတင်ပြနိုင်သော်လည်း အများကြည်ညိုလေးစားသည့် ရပ်မိ၊ ရပ်ဖ၏ ထွက်ဆိုချက်၊ ထောက်ခံချက်ဖြင့် မြေအသုံးချပိုင်ခွင့်ရှိကြောင်း သက်သေထင်ရှားပြနိုင်သူအား ပြန်လည်ပေးအပ်ရန် ဆိုပြီးတော့ မူဝါဒချမှတ်ခဲ့ပေမယ့်လည်း လက်တွေ့မှာတော့ အဲဒီလိုလူတွေ မြေပြန်မရတဲ့ကိစ္စတွေဟာ နိုင်ငံအနှံ့အပြားမှာ ပေါ်ပေါက်လျက်ရှိပါတယ်။

နောက်တစ်ချက် အဲဒီခေါင်းစဉ်ရဲ့ အမှတ်(၇)မူဝါဒမှာ လျော်ကြေးပေးပြီးသည့်ကိစ္စရပ်များတွင် လျော်ကြေးနည်းပါးတယ်ဆိုတဲ့အတွက် ထပ်မံတောင်းဆိုလာတဲ့ ကိစ္စရပ်များနဲ့ စပ်လျဉ်းပြီးတော့ ယခင်ကာလကတည်းက နှုန်းထားအတိုင်း လျော်ကြေးပေးချေပြီး ဖြစ်တဲ့အတွက် အဆိုပါဆုံးဖြတ်ချက်အတိုင်းသာ အတည်ပြုဖို့ဆိုပြီးတော့ မူဝါဒချမှတ်ထားသော်လည်း တချို့နေရာတွေမှာ လျော်ကြေးပေးပြီးဖြစ်ပါလျက်နဲ့ မြေထပ်ပေးဖို့ ဆုံးဖြတ်တာတွေ၊ မူဝါဒနဲ့ မကိုက်ညီတဲ့ဟာတွေ ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။

အဲဒီအပြင် ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ ရှမ်းတဲကြီးရပ်ကွက်မှာ ကျောင်းဆောက်ဖို့လည်း မြေမရှိ။ ကျွန်တော်တို့ ရပ်ကွက်ဖွံ့ဖြိုးဖို့ ဘာသာရေး၊ သာသနာရေးအတွက်လည်း မြေယာအခက်အခဲ ဖြစ်နေတဲ့အတွက် အမှတ်(၅၀၄) အမြောက်တပ်ကနေ၊ အဝေး(၃)မိုင်လောက်ကနေပြီးတော့ လာရောက်ရယူထားတဲ့မြေကို အနည်းငယ်စွန့်လွှတ်ပေးဖို့၊ အစိတ်အပိုင်းတချို့ စွန့်လွှတ်ပေးဖို့ တင်ပြတောင်းဆိုခဲ့တဲ့အပေါ်မှာလည်း ကာကွယ်ရေးဝန်ကြီးဌာနကသူတို့ မစွန့်လွှတ်ပေးနိုင်ဘူးဆိုပြီးတော့ ပြောခဲ့ပါတယ်။

ယခင်က ရှိရင်းစွဲ လယ်ယာမြေဥပဒေနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေများဟာ လက်ငင်းအခြေအနေ လိုအပ်ချက်များနဲ့လည်း ပြည့်စုံမှုမရှိဘဲနဲ့ လိုအပ်ချက်တွေ ရှိနေတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ယနေ့ နိုင်ငံတော်မှာ ကြုံတွေ့နေရတဲ့ ယခင်ခေတ်က ပေါ်ပေါက်လာခဲ့တဲ့ မြေယာအရှုပ်အထွေးတွေ၊ မြေမဲ့၊ ယာမဲ့များအတွက် မြေယာလိုအပ်ချက်တွေ၊ မြေယာခွဲဝေပေးဖို့အတွက် အခက်အခဲတွေ၊ ကျူးကျော်နေထိုင်မှုပြဿနာတွေ ပြီးရင် ကျွန်တော်တို့ အငြိမ်းစားဝန်ထမ်းများ အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် လက်ရှိအစိုးရရဲ့ အိမ်ရာစီမံချက်တွေ၊ နိုင်ငံဖွံ့ဖြိုးရေးအတွက်လိုအပ်တဲ့ ဇုန်အမျိုးမျိုးထူထောင်ဖို့အတွက် မြေလိုအပ်မှုတွေ စတဲ့အခက်အခဲများ၊ ပြဿနာများကို ဖြေရှင်းနိုင်ဖို့အတွက်ဆိုရင် အမျိုးသားမြေယာဥပဒေတစ်ရပ် ခိုင်ခိုင်မာမာ လိုအပ်လျက် ရှိတယ်ဆိုတာ အင်မတန် ထင်ထင်ရှားရှား ပေါ်ပေါက်လျက်ရှိပါတယ်။ ဘယ်လောက်ပဲ ကျွန်တော်တို့ အကြံကောင်း၊ ဉာဏ်ကောင်း၊ စိတ်ကူးကောင်း၊ စေတနာကောင်းရှိကြပါစေ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ အပါအဝင် တာဝန်ရှိ ပြည်ထောင်စုဝန်ကြီးတွေ၊ တာဝန်ရှိ ပုဂ္ဂိုလ်တွေကနေ ပြီးတော့ ဒီမြေယာပြဿနာတွေကို ပိုင်ပိုင်နိုင်နိုင်၊ ပြတ်ပြတ်သားသားဖြေရှင်းဖို့ နှောင့်နှေးနေကြရတဲ့ အကြောင်းကလည်း အမျိုးသားမြေယာဥပဒေတစ်ရပ် မရှိလို့ဘဲဖြစ်တယ်ဆိုတာလည်း ကျွန်တော်တို့ ထင်ရှားနေပါတယ်။ ဒါကြောင့်မို့လို့ ယနေ့ ကျွန်တော်တို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ပြဿနာတွေကို ဥပဒေနှင့်အညီ မျှတမှန်ကန်စွာ ဖြေရှင်းနိုင်ဖို့ ပြည်သူ၊ ပြည်သားများ စိတ်အေးချမ်းလုံခြုံဖို့ အမြန်ဆုံးလိုအပ်နေတဲ့ဟာကတော့ အဆိုရှင် တင်ပြသလို အမျိုးသားမြေဥပဒေ(National Land Law) တစ်ရပ် အမြန်ဆုံး ပေါ်ပေါက်လာရေးသာဖြစ်ပါကြောင်း ထင်ရှားနေတဲ့အတွက် အဆိုရှင် ရဲ့ အဆိုကို အပြည့်အဝ ထောက်ခံအပ်ပါတယ်။

အဲဒီအပြင် အမျိုးသားမြေဥပဒေဆိုတာလည်း ဥပဒေတစ်ရပ်တည်း ဖြစ်ချင်မှဖြစ်မှာပါ။ အဲဒီတော့ ဥပဒေတစ်ရပ် ပေါ်ပေါက်ဖို့ဆိုတာ ခန့်မှန်းလို့မရနိုင်အောင် ကြာမြင့်နိုင်တဲ့အတွက် လတ်တလောအနေအထားမှာ ကျွန်တော်တို့ ကာလတို၊ ကာလရှည် စီမံကိန်းတွေ၊ မူဘောင်တွေ၊ မူဝါဒတွေ ချမှတ်ပြီး ဆောင်ရွက်ဖို့ဆိုတဲ့ အဆိုရှင်ရဲ့ အဆိုဟာ မရှိမဖြစ်လိုအပ်နေတဲ့အတွက် အဲဒါကိုလည်း ကျွန်တော်တို့ ထောက်ခံရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးလိုက်ပါ။

**ဗိုလ်မှူးကြီးနိုင်ဦး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဒီကိစ္စသည် ၃၉(၄)အရ ဝန်ကြီးဌာနကလည်း ဖြေကြားပြီးဖြစ်ပါတယ်။ ပြီးပြတ်ပြီးကိစ္စဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိဆွေးနွေးတဲ့အကြောင်းအရာသည် မှန်ကန်ကြောင်း ခိုင်ခိုင်မာမာ တာဝန်ယူရမှာ၊ တာဝန်ခံရမှာဖြစ်ပါတယ်။ အခု ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားတဲ့အထဲမှာ ဒါသည် တစ်ဆက်တစ်စပ်တည်းတော့ မဟုတ်ဘူး။ သို့သော်လည်း သူ့ရဲ့ စီးပွားရေးအရလည်းကောင်း၊ လုံခြုံရေးအရလည်းကောင်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်လို့ ဆိုထားပါတယ်။ ဖြစ်ကောင်းဖြစ်နိုင်ပါတယ် ဆိုတာသည် သူကိုယ်တိုင် တိကျသေချာမှုမရှိဘူးလို့ ပေါ်လွင်ပါတယ်။ အဲဒီတော့ မိမိကိုယ်တိုင် တိကျသေချာရေးမရှိသော၊ မိမိကိုယ်တိုင် တာဝန်မယူနိုင်သော ကိစ္စကို ထည့်သွင်းဆွေးနွေးထားပြီးတော့မှ ဥပဒေနှင့်မညီဘူးလို့လည်း ဒါ စွပ်စွဲထားတဲ့သဘောမျိုး

တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ကန့်ကွက်ပါတယ်ခင်ဗျား။ မှတ်တမ်းမှလည်း ပယ်ဖျက်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ ပယ်ဖျက်ပေးဖို့ ပြောချင်တာလား။ ဘာလိုတာလဲ။

**ဗိုလ်မှူးကြီးနိုင်ဦး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ မှန်ပါတယ်ခင်ဗျား။ ကန့်ကွက်ပါတယ်။ မှတ်တမ်းကလည်း ပယ်ဖျက်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ ခုနကတော့ ကိုယ်စားလှယ်ကတော့ သူ ဆက်စပ်တယ်ထင်လို့ ဆွေးနွေးသွားတာပေါ့။ အဲဒီတော့ ကျွန်တော်တို့က အဲဒါကို ပယ်ဖျက်ပေးပါမယ်။

**ဗိုလ်မှူးကြီးနိုင်ဦး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၀။**

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားမြေဥပဒေ (National Land Law) မရှိခဲ့လို့ ကျွန်တော်တို့နိုင်ငံမှာ ခေတ်အဆက်ဆက် စီမံခန့်ခွဲပိုင်ခွင့်၊ လုပ်ပိုင်ခွင့်ရှိသူတို့က မြေယာများကို အထိန်းအကွပ်မဲ့ ဆောင်ရွက်ခဲ့တာကြောင့် ယနေ့ ဖြေရှင်းလို့မရနိုင်လောက်အောင် မြေယာပြဿနာများ ပေါ်ပေါက်လျက် ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမှုမူဝါဒ ချမှတ်ခဲ့သော်လည်းပဲ လိုအပ်ချက်တွေရှိနေလို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးအကြံပြုရခြင်း ဖြစ်ပါတယ်။ အမျိုးသားမြေအသုံးချမှုဝါဒ (National Land Use Policy) ဆိုတာ မြေအရင်းအမြစ်များထိန်းသိမ်းခြင်း၊ အသုံးပြုခြင်းနှင့် ခွဲဝေနေရာချထားခြင်းကိစ္စရပ်များနှင့် ပတ်သက်ပြီး အစိုးရတစ်ရပ်ရဲ့ရည်ရွယ်ချက်များနှင့် အစီအမံများကို တရားဝင် ဖော်ထုတ်ကြေညာချက်လို့ အဓိပ္ပာယ်ရပါတယ်။ ဒီတော့ မြေအသုံးချမှုဝါဒ ချမှတ်တဲ့အခါမှာ အဆိုပါမြေကို ပိုင်ဆိုင်၊ လုပ်ပိုင်ခွင့်နှင့် ပတ်သက်ပြီး လုံခြုံစိတ်ချရေး အာမခံနိုင်ရပါမယ်။ မြေကို မျှတစွာခွဲဝေအသုံးချခံစားနိုင်မှုရှိရမယ်။ ရင်းနှီးမြှုပ်နှံမှုတို့အတွက် ထုတ်လုပ်နိုင်စွမ်း ရှိရမယ်။ ရေရှည်တည်တံ့ခိုင်မြဲတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ရှိရပါမယ်။ အမျိုးသားရေးလက္ခဏာမပျောက်ပျက်ရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းနိုင်ဖို့နဲ့ သဘာဝအလှတရားများကို ရသမြောက်ခံစားနိုင်မှုများရရှိစေရန် ရည်ရွယ်ချက်များနဲ့ အမျိုးသားမူဝါဒ ချမှတ်ရမှာဖြစ်ပါတယ်။

မူဝါဒချမှတ်တဲ့အခါမှာ (၁)အချက် ရေရှည်တည်တံ့တဲ့ အနာဂတ် အခြေခံအုတ်မြစ်ဖြစ်စေမယ့် မြေအရင်းအမြစ်ဆိုင်ရာ အခြေခံမူများကို အများပါဝင်မှုနဲ့ မူဝါဒချမှတ်သင့်ပါတယ်။ (၂)အချက် မြေအရင်းအမြစ်မူဝါဒဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မယ့် ဥပဒေတစ်ရပ်ထွက်ပေါ်

လာရေးအတွက် သက်ဆိုင်သူများအားလုံး ပေါင်းစပ်ဆွေးနွေး ညှိနှိုင်းသင့်ပါတယ်။ (၃)အချက် ပြည်သူ ဗဟိုပြုဖွံ့ဖြိုးမှုရလဒ်များ လက်ငင်းရရှိနိုင်ရေးအတွက် မြေယာစီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး ရှေ့ပြေးစမ်းသပ် စီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က)မှာ နိုင်ငံတော်သည် နိုင်ငံတော်၏ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ အမျိုးသားမြေအသုံးချမှုဝါဒ (National Land Used Policy)ကို ရေးဆွဲပြုစု ချမှတ်နိုင်ရေးအတွက် ကျွန်တော်တို့ မြေအမျိုးအစား ခွဲခြားသတ်မှတ်သင့်ပါတယ်။ ဒီနေရာမှာ စိုက်ပျိုးမြေ၊ သစ်တောမြေ၊ အခြားမြေလို့ (၃)မျိုးခွဲခြား သတ်မှတ်နိုင်ပါတယ်။ မြေအသုံးချမှုနှင့်စပ်လျဉ်းလို့ ဆုံးဖြတ်ချက်များ ချမှတ်ရမယ်ဆိုရင် အများပြည်သူရဲ့ အကျိုးစီးပွားနှင့် ပုဂ္ဂလိကကုမ္ပဏီတို့ရဲ့ အကျိုးစီးပွားတို့ ယှဉ်ပြိုင်လာမယ်ဆိုရင်တော့ အများပြည်သူတို့ရဲ့ အကျိုးစီးပွားကို ဦးစားပေး ဆောင်ရွက်ပေးသင့်ပါတယ်။ အိမ်မဲ့၊ ယာမဲ့၊ မြေမဲ့ ပြည်သူတို့ရဲ့ အိမ်ရာနှင့်မြေ ခွဲဝေအသုံးပြုခွင့်ပေးနိုင်ရေးအတွက် ကျွန်တော်တို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းပေးသင့်ပါတယ်။ မှန်ကန်တိကျတဲ့မြေကြီးမြေပုံ၊ မြေနှင့် သက်ဆိုင်တဲ့မှတ်တမ်း၊ သတင်းအချက်အလက်တို့ကိုလည်း စနစ်တကျ စီမံထားရှိသင့်ပါတယ်။ ဒါမှသာ မြေအသုံးချမှုကို စနစ်တကျစီမံခန့်ခွဲနိုင်မှာဖြစ်ပြီး မြေလုပ်ပိုင်ခွင့်ခိုင်မာမှုနဲ့ မြို့ပြ၊ ကျေးလက်တို့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းရဲ့ အခြေခံအုတ်မြစ် ဖြစ်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဥပဒေ၊ မြေသိမ်း ဥပဒေ၊ မြေခွန်လွှာဆိုင်ရာ ဥပဒေ၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ အစရှိတဲ့ မြေနှင့်သက်ဆိုင်တဲ့ ဥပဒေ၊ နည်းဥပဒေ အသီးသီးတို့ကိုလည်း မြေယာ စီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချမဟာဗျူဟာ ကာလလတ်၊ ကာလရှည် စီမံကိန်း၊ မျှော်မှန်းချက်၊ မူဘောင်၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်စေရန် ပြုပြင်ဖြည့်စွက် ပြဋ္ဌာန်းသင့်ပါတယ်။ စားဝတ်နေမှု ဖွံ့ဖြိုး တိုးတက်ရေး၊ လူမှုဘဝတည်ငြိမ်ရေးနှင့် မြေကျူးကျော်မှုစီမံခန့်ခွဲနိုင်ရေးအတွက် မြေမဲ့၊ ယာမဲ့ ပြည်သူများအတွက် မြေခွဲဝေချထားနိုင်ရန် အရန်မြေနေရာများ သတ်မှတ်ပေးထားသင့်ပါတယ်။ မြေအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် စိုက်ပျိုးရေးနှင့် ဂေဟ စနစ်ထိန်းသိမ်းရေးဇုန်များကို စနစ်တကျ သတ်မှတ်ဖွဲ့စည်းခြင်းနှင့် မြေအသုံးချမှုပြောင်းလဲခြင်း ဆောင်ရွက်ရာမှာ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးရေးဇုန်၊ စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဇုန်၊ ကာကွယ်ထားသောနယ်မြေဇုန် သို့မဟုတ် အမျိုးသားကာကွယ်ရေးဇုန်၊ ကူးသန်းရောင်းဝယ်ရေးဇုန်၊ စက်မှုလက်မှုဇုန် သို့မဟုတ် သတ္တုတွင်းမြေဇုန်၊ စားကျက်မြေဇုန်၊ သစ်တောဇုန် စသည်ဖြင့် သတ်မှတ် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြ တိုက်တွန်းရင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုအား ထောက်ခံအပ် ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၇။**

**ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုကို မဲဆန္ဒနယ်နဲ့ယှဉ်တွဲပြီးတော့ ထောက်ခံအကြံပြု ဆွေးနွေး သွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ မြေအသုံးချမှုမူဝါဒ ဆိုသည်မှာ မြေအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်းနှင့် ခွဲဝေနေရာချထားခြင်း ကိစ္စရပ်များနှင့်ပတ်သက်ပြီး အစိုးရတစ်ရပ်၏ ရည်ရွယ်ချက်များနှင့် အစီအမံများကို တရားဝင်ဖော်ထုတ်ကြေညာခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အမျိုးသားမြေအသုံးချမူဝါဒမှာ ရည်ရွယ်ချက်(၆)ချက်၊ လမ်းညွှန်ချက်(၅)ချက်နဲ့ အခြေခံမူ(၁၆)ချက် ထည့်သွင်းရေးဆွဲထားတာ တွေ့ရှိရပါတယ်။ ရည်ရွယ်ချက် ၆ (စ)မှာ ဆိုလို့ရှိရင် အမျိုးသားမြေအသုံးချမှုမူဝါဒ ရည်ရွယ်ချက်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေဥပဒေ ပြဋ္ဌာန်းရန်လို့ ဖော်ပြထားပြီးတော့ အခြေခံမူ(၁၆)ချက်ထဲမှာ (ဆ)မှာဆိုလို့ရှိရင် အမျိုးသားမြေအသုံးချမူဝါဒကို ပြောင်းလဲလျက်ရှိသော နိုင်ငံတော်၏ လူမှုစီးပွားအခြေအနေ လိုအပ်ချက်များအရ လိုအပ်သလို ပြန်လည်ပြင်ဆင်ရန်ဆိုပြီးတော့ ဖော်ပြထားတာတွေ့ရှိရပါတယ်။ ဒါကြောင့် ဖက်ဒရယ်ပြည်ထောင်စုကို သွားမယ့် ယခုလိုအချိန်အခါမှာ မြေအသုံးချမှုမူဝါဒကို ပြန်လည်သုံးသပ်ရန်က မဖြစ်မနေ လိုအပ်တဲ့ကိစ္စရပ်ပဲ ဖြစ်ပါတယ်ရှင်။ နိုင်ငံတစ်ဝန်းရှိ မြေအရင်းအမြစ်များကို မျက်မှောက်ကာလအတွက်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အခြေခံမူ (၁၆)ချက်ထဲမှာ (ည)မှာဆိုလို့ရှိရင်တော့ မြေအသုံးချမှုနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အများပြည်သူ၏ အကျိုးစီးပွားနှင့် ပုဂ္ဂလိကကုမ္ပဏီတို့၏ အကျိုးစီးပွား ယှဉ်ပြိုင်လာပါက အများပြည်သူ၏ အကျိုးစီးပွားကို ဦးစားပေးရန်လို့ ဖော်ပြထားပါသော်လည်း တကယ်တမ်းမှာတော့ သဟဇာတဖြစ်မှုတွေ အားနည်းနေတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ် ကျိုက်လတ်မြို့မှာဆိုလို့ရှိရင်တော့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးကိုယ်တိုင် စားကျက်မြေဧက(၁၀၀)ကျော်ကို ခွင့်ပြုမိန့်မရှိဘဲ ငါးကန်တွေတူးထားတာ တွေ့ရှိရပါတယ်။ ဒါတွေကို အရေးယူဆောင်ရွက်မှုတွေ အားနည်းပါတယ်။ တကယ်တော့ စားကျက်မြေဆိုတာ ပြည်ထဲရေးဝန်ကြီးဌာနက ခွင့်ပြုစွန့်လွှတ်မှ လုပ်ကိုင်ခွင့်ရှိတာပါ။ ဒါတွေကို ကြည့်ခြင်းအားဖြင့် မြေယာကိစ္စတွေမှာ တချို့သော အုပ်ချုပ်ရေးတာဝန်ရှိသူတွေဟာ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်ပြီး ကိုယ်ကျိုးစီးပွားအဓိကမူဝါဒဖြင့် ဆောင်ရွက်နေတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူတွေ ယုံကြည်မှုလျော့နည်းပြီး တရားဥပဒေစိုးမိုးမှုကိုပါ စိန်ခေါ်ရာရောက်နေပါတယ်ရှင်။ မည်သည့် မြေယာစီမံခန့်ခွဲမှုမျိုးကိုမဆို ဥပဒေကို အခြေခံရမှာ ဖြစ်ပါတယ်။

မြေယာစီမံခန့်ခွဲမှုကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသူများသည် သက်ဆိုင်ရာဌာနအသီးသီးမှ ဝန်ထမ်းများဖြစ်ပါတယ်။ ဝန်ထမ်းဆိုသည်မှာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရသူများဖြစ်ပါတယ်။ ဥပဒေ၊ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းထားမှုမရှိဘဲ ဆောင်ရွက်ပေး၍ မရသကဲ့သို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဘောင်ကို ကျော်လွန်၍ ဆောင်ရွက်ပေးလို့လည်းမရပါ။ သို့သော် ယနေ့ကာလတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းမရှိဘဲ ဆောင်ရွက်ပေးနေသူများ၊ ဥပဒေ မူဘောင်ကိုကျော်လွန်ပြီး ဆောင်ရွက်နေတာများကို နေရာအနှံ့အပြားမှာ တွေ့မြင်ရမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ် နောက်တစ်ခုဖြစ်တဲ့ ဘိုကလေးမြို့နယ်မှာ ဆိုလို့ရှိရင်လည်း သစ်တောက မစွန့်လွှတ်ရသေးတဲ့မြေတွေကို ပုံစံ(၇)ထုတ်ပေးထားတာ ဧက(၂၃၀၀၀)ကျော် တောင်ရှိပါတယ်။ လယ်သမားများမှာ ပုံစံ(၇)ရရှိထားသော်လည်း စိုက်ပျိုးစရိတ်၊ ချေးငွေ မရရှိ၊ သစ်တောဌာနက စွန့်လွှတ်ပါဆိုတော့လည်း ဒီဒေသတွေက မုန်တိုင်းဒဏ်ခံရတဲ့ဒေသဖြစ်တာကြောင့် သစ်တောများကို မစွန့်လွှတ်ဘဲ ပြန်လည်စိုက်ပျိုးမယ်လို့ ဆိုနေပြန်တယ်။ ဒါဆိုရင် ယခင်အစိုးရ ထုတ်ပေးတဲ့ ပုံစံ(၇)တွေကို ပြန်သိမ်းရမှာလား။ တောင်သူလယ်သမားများနှင့် လက်ရှိအစိုးရ ထိပ်တိုက် ရင်ဆိုင်ရမယ့် အခြေအနေဖြစ်ပါတယ်။ တောင်သူလယ်သမားတွေရဲ့ အခက်အခဲ၊ အစိုးရရဲ့ အကျပ်အတည်းတွေပါ။ ဒါတွေကို ကြည့်ခြင်းအားဖြင့် ဥပဒေကို ထိထိရောက်ရောက်မဆောင်ရွက်တာ၊ ဌာနတွေကြား ညှိနှိုင်းမှု၊ ပေါင်းစပ်မှု အားနည်းတာ၊ အမုန်းမခံတာ၊ အဂတိလိုက်စားမှုတွေ ရှိတာ၊ အရေးယူဆောင်ရွက်မှု အားနည်းတာတွေကို တွေ့ရမှာဖြစ်ပါတယ်။ မြေယာစီမံခန့်ခွဲမှု အလွဲအမှားများဟာ နိုင်ငံရေးနဲ့လည်း သက်ဆိုင်နေတယ်ဆိုတာကို ကျွန်မတို့ မီးမောင်းထိုးပြနေပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ စနစ်ကျတဲ့ မြေယာစီမံခန့်ခွဲမှုတိုင်းမှာ အချက်(၄)ချက်လိုအပ်ကြောင်း ကျွန်မ လေ့လာသိရှိရပါတယ်။ နံပါတ်(၁) စာရင်းမြေပုံ၊ စာရင်းမှတ်တမ်းပါ။ နံပါတ်(၂) တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများပါ။ နံပါတ်(၃) Principle လို့ အခြေခံသဘောတရားနဲ့ နံပါတ်(၄) လူသားအရင်းအမြစ် ကျွမ်းကျင်ဝန်ထမ်းများ လိုအပ်လှပါတယ်။ ဒါမှသာ စီမံခန့်ခွဲမှု ဆောင်ရွက်တဲ့ အခါမှာ အဆင်ပြေချောမွေ့မှာ ဖြစ်ပါတယ်။ မြေယာကိစ္စ စီမံသူနှင့်စီမံခံရသူများသည် လူသားများ ဖြစ်တာကြောင့် အမှားအယွင်းများရှိနိုင်ပါတယ်။ မြေယာစီမံခန့်ခွဲရာမှာလည်း ကျွန်မတို့ ဂရန်ခွင့်ပြုမိန့်များထပ်နေခြင်း၊ အမိန့်ကွင်းဆက်ပြတ်တောက်နေခြင်း၊ မြေပေးမိန့်များထပ်နေခြင်း၊ ပုံစံ(၇)များ ထပ်နေတာတွေက ဥပမာများစွာတို့ဟာဆိုရင် မှတ်တမ်းမှတ်ရာများ စနစ်ကျမှုမရှိခြင်းကို ဖော်ပြနေ ပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေဟာ လူကြောင့်လည်းဖြစ်နိုင်သလို၊ စနစ်ကြောင့်လည်း ဖြစ်နိုင် ပါတယ်ရှင်။ ဒါကြောင့် ကာလလတ်၊ ကာလရှည် မူဘောင်ချမှတ်ပြီး ဆောင်ရွက်မှသာ အဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။ ရေခံ၊ မြေခံအားကောင်းတဲ့ ကျွန်မတို့နိုင်ငံရဲ့ ဆင်းရဲမွဲတေမှုများတဲ့အကြောင်းများမှာ မြေယာများစီမံခန့်ခွဲမှု မမှန်ကန်ခြင်းဆိုတဲ့ အကြောင်းကလည်း မလွဲမသွေပါဝင်မှာဖြစ်ပါတယ်။ ခေတ်ကာလအလိုက် ပြဋ္ဌာန်းခဲ့တဲ့ဥပဒေများ အားနည်းချက်များကို ကုစားရန်မှာ အစားထိုးဥပဒေ ပြဋ္ဌာန်းပြီး ဆောင်ရွက်ရန်သာဖြစ်ပါတယ်။ ယခု ကျင့်သုံးနေတဲ့ မြေအမျိုးကြီး(၂၂)မျိုးကို အားလုံးလွှမ်းခြုံ နိုင်မယ့် ထီးရိပ်ဥပဒေ National Land Law ပေါ်ပေါက်ရန်လည်း လိုအပ်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ One Stop Service စနစ်ဖြင့် ပိုမိုလျင်မြန်တဲ့ လုပ်ထုံးလုပ်နည်းဖြင့် ဆောင်ရွက်မှာလား။ မြေယာပိုင်ဆိုင်မှုကို နိုင်ငံတော်က အကြွင်းမဲ့ပိုင်ဆိုင်တဲ့စနစ်မှ ပြည်သူလူထုက

ပိုင်ဆိုင်တဲ့စနစ်ကို ဦးတည်သွားမှာလားဆိုတာ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များ အများကြီး ဝိုင်းဝန်းစဉ်းစား သုံးသပ်ရမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နောက်ဆုံး အကြံပြုချင်တာကတော့ အမျိုးသားမြေအသုံးချမှုကောင်စီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ ချိတ်ဆက်မှု လွန်စွာအားနည်းတာကို ကျွန်မတို့ တွေ့ရှိရပါတယ်။ ဒီလို အမျိုးသားမြေအသုံးချမှုကောင်စီနှင့် ဝန်ကြီးဌာနတို့ ချိတ်ဆက်မှု၊ ပေါင်းစပ်မှု အားကောင်းစွာ ဆောင်ရွက်မှသာ မြေနှင့်ပတ်သက်သော သတင်းအချက်အလက်ရယူမှု၊ သဟဇာတမဖြစ်မှုတွေ၊ မြေအတန်းအစား ခွဲခြားသတ်မှတ်မှုတွေ အဆင်ပြေချောမွေ့မှာ ဖြစ်ပါတယ်။ အမျိုးသားမြေအသုံးချမှု ကောင်စီကိုလည်း တိုင်းဒေသကြီး၊ ခရိုင်အဆင့်နှင့် ဖွဲ့စည်းဆောင်ရွက်ဖို့ ကျွန်မအနေနဲ့ အကြံပြု ပါရစေရှင်။ မြေအမျိုးအစားများ သတ်မှတ်ရာမှာလည်း အုပ်ချုပ်မှုကိုအခြေခံတဲ့ အမျိုးအစား၊ အသုံးချမှုကိုအခြေခံတဲ့ အမျိုးအစား၊ ပိုင်ဆိုင်မှုကိုအခြေခံတဲ့ အမျိုးအစားဆိုပြီး ဂဃနဏ ခွဲခြားပြဋ္ဌာန်း ပေးမှသာလျှင် ပိုမိုထိရောက်ကောင်းမွန်တဲ့ မြေယာစီမံမှုမျိုး ဖြစ်ပေါ်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားမြေဥပဒေ ရေးဆွဲမယ်ဆိုလို့ရှိရင်လည်း (မူကြမ်း)ကို ရေးဆွဲပြီးမှ ပြည်သူကိုချပြခြင်းမျိုးမဟုတ်ဘဲ အများပြည်သူ ပါဝင်နိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ တိုင်းရင်းသားများရဲ့ အခန်းကဏ္ဍ၊ တောင်သူဦးကြီးများရဲ့ သဘောထား၊ အမျိုးသမီးများပါဝင်မှု အချိုးအစားနဲ့ ပညာရှင်များ၏အမြင်ကို ထည့်သွင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်ရှင်။ ဒါမှလည်း ဒီမိုကရေစီစနစ်ကို ပြုပြင်ပြောင်းလဲနေတဲ့ ကျွန်မတို့ လက်ရှိအစိုးရ ရည်မှန်းချက်များနဲ့ ထပ်တူညီနေမှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုရှင်ဟာ အမြော်အမြင်ကြီးမားစွာနဲ့ နိုင်ငံတော်စဥ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိအခြေအနေသာမက နောင်အနာဂတ် အတွက်ပါ စဥ်းစားတွေးခေါ်ပြီး မြေမူဝါဒများကို ပြန်လည်သုံးသပ်ပြီး မြေယာဥပဒေတစ်ရပ် ပေါ်ပေါက် လာစေရန်အတွက် ကာလလတ်၊ ကာလရှည် မူဘောင်ချမှတ် ဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရကို တိုက်တွန်းတာဟာ ယခုအချိန်အခါနှင့် အင်မတန်သင့်လျော်တာမို့ ကျွန်မအနေနဲ့ ဒေါက်တာ ပြည့်ဖြိုး ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၃။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး တင်သွင်းထားတဲ့ အဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အဖိုးတန်သစ်တောကြီးများ မြေဆီဩဇာကြွယ်ဝလှတဲ့ မြေပြန့်လွင်ပြင်များ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုသိုက်များ၊ ရှည်လျားကြတဲ့ ပင်လယ်ကမ်းရိုးတန်း၊ တောင်စဉ်တောင်တန်းများနှင့် နိုင်ငံရဲ့အသက်သွေးကြောဖြစ်တဲ့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းစတဲ့ မြစ်ကြီးများအပါအဝင် သဘာဝအရင်းအမြစ် အခြေခံကောင်းများနဲ့ သဘာဝပတ်ဝန်းကျင်ကောင်းများရှိတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပေါများလှတဲ့မြေသယံဇာတ အရင်းအမြစ်တွေကို စနစ်တကျအသုံးချပြီး စီမံခန့်ခွဲနိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံသားတွေရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေး ဖူလုံပြည့်ဝလာမှာဖြစ်သလို နိုင်ငံတော်ကြီးလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်လို့ ဟန်ချက်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ရည်ရွယ်ပြီးတော့ နိုင်ငံတော်က ၂၀၁၆ ခုနှစ်မှာ အမျိုးသားမြေအသုံးချမှုဝါဒကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီ အမျိုးသားမြေအသုံးချမှုဝါဒဆိုတာ မြေအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်း၊ ခွဲဝေချထားခြင်း ကိစ္စရပ်များနဲ့ ပတ်သက်ပြီး အစိုးရတစ်ရပ်ရဲ့ ရည်ရွယ်ချက်နဲ့ အစီအမံများကို တရားဝင်ဖော်ထုတ်ကြေညာချက်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ အမျိုးသားမြေအသုံးချမှုဝါဒ အခန်း(၃) အခြေခံမူများ၊ အပိုဒ် ၈ (က)မှာ ပြည်သူများ အထူးသဖြင့် လုပ်ကွက်ငယ်တောင်သူများ၊ ဆင်းရဲသားများ၊ တိုင်းရင်းသားလူမျိုးများနဲ့ အမျိုးသမီးများ၏ မြေလုပ်ပိုင်ခွင့်ကို ဒေသခံအဖွဲ့အစည်းများက အသိအမှတ်ပြုထားသည့်အပေါ် ဥပဒေအရ အသိအမှတ်ပြုပြီး အကာအကွယ်ပေးရန်ဆိုပြီး ပါရှိပါတယ်။ ဒါပေမဲ့ ဒါတွေကို လုပ်နိုင်ပြီလားဆိုတော့ ဘာမှအကာအကွယ်မပေးနိုင်ဘူးလို့ ပြောရမှာဖြစ်ပါတယ်။ ဒါ့အပြင် အပိုဒ် ၈(ည)မှာ မြေအသုံးချမှုနဲ့ စပ်လျဉ်းပြီးတော့ ဆုံးဖြတ်ချက်များ ချမှတ်ရာမှာ အများပြည်သူအကျိုးစီးပွားနဲ့ ပုဂ္ဂလိကကုမ္ပဏီတို့ရဲ့ အကျိုးစီးပွားကို နှိုင်းယှဉ်လာပါက အများပြည်သူရဲ့ အကျိုးစီးပွားကို ဦးစားပေးရန်ဆိုပြီး ဖော်ပြထားပေမယ့် လက်တွေ့မှာတော့ ပြည်သူကို ဗဟိုမပြုဘဲ ကုမ္ပဏီတို့၊ ဌာနတို့ကို ဗဟိုပြုပြီး ဆောင်ရွက်ခဲ့တာကို တွေ့မြင်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားမြေအသုံးချမှုဝါဒ အခြေခံမူများ အပိုဒ် ၈(ဇ)မှာ မြေသိမ်းဆည်းခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ပြန်လည်အစားထိုးဖြည့်ဆည်းပေးခြင်း စတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ တရားမျှတစွာ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရန်ဟု ပါရှိသော်လည်း လက်ရှိအနေအထားအရ မတရားမြေအသိမ်းခံနေရတဲ့ တောင်သူတွေမှာ မြေယာလျော်ကြေးကို ဟုတ်တိ၊ ပတ်တိ မရတဲ့အတွက် စီးပွားရေးတွေ ဆုတ်ယုတ်ပြီးတော့ ဆင်းရဲဒုက္ခတွေ ကျရောက်နေတာတွေ အများကြီးရှိနေပါတယ်။ လွှတ်တော်မှာ မေးခွန်းမေးရင်လည်း သက်ဆိုင်ရာဝန်ကြီးဌာန လာဖြေရင် သိမ်းဆည်းထားတဲ့မြေအတွက် လျော်ကြေးတွေပေးပြီးဖြစ်ပါတယ်လို့ ဖြေတယ်။ အဲဒီလျော်ကြေးငွေက ဘယ်လောက်လည်းဆိုတော့ ၁၉၅၆ ခုနှစ်က ပြဋ္ဌာန်းထားတဲ့အတိုင်း မြေခွန်လွှာရဲ့ (၁၂)ဆနဲ့ အဆ(၂၀)ကြား လျော်ကြေးသတ်မှတ်ထားလို့ မြေ(၁) ဧကကို ငွေ(၂၀၀)ကျပ်ခန့်ပဲ ပေးတာဖြစ်တဲ့အတွက် အခုခေတ်အနေအထားနဲ့ တရားမျှတမှုရှိလား၊ မရှိဘူးလား ဆိုတာကို စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ အရင်အစိုးရလက်ထက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖြစ်တဲ့သူက ဓားမဦးချလုပ်နေတဲ့ တောင်သူတွေရဲ့ လယ်မြေဧကများစွာကို သူတို့ပါတီက သိမ်းယူလုပ်ကိုင်နေခြင်းမှာ ဥပဒေနှင့်အညီဖြစ်တယ်လို့ ဒီလိုမျိုး ပြောခဲ့တာတွေရှိပါတယ်။

အဆိုရှင် ဒေါက်တာပြည့်ဖြိုး တင်ပြသွားတဲ့အထဲမှာ လက်ရှိကျင့်သုံးနေတဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအပါအဝင် မြေယာဥပဒေများမှာ မြေယာအသုံးချခြင်းအတွက် အဖွဲ့အစည်း၊ ကော်မတီ အဆင့်ဆင့်တို့က ဆောင်ရွက်သွားရန် အဓိကဖြစ်နေပြီးတော့ ဘယ်လို လုပ်ငန်းစီမံကိန်း၊ ဘယ်နေရာမှာ ဘယ်လောက်ပမာဏ ခွင့်ပြုခြင်း စတဲ့အချက်တွေဟာ ယေဘုယျဆန်နေတဲ့အတွက် မြေယာအသုံးပြုခွင့် လျှောက်ထားကြသူတွေနဲ့ စီမံခန့်ခွဲခွင့်ရှိနေတဲ့ ဝန်ထမ်းတွေကြားမှာ မလျော်ကန်သော အကျိုးစီးပွားဆက်နွယ်မှု၊ လာဘ်ပေးလာဘ်ယူမှုတွေရှိနေရတဲ့ အကြောင်းတစ်ရပ်ဖြစ်နေကြောင်း၊ ထောက်ပြသွားတာ တွေ့ရပါတယ်။

ကချင်ပြည်နယ်မှာ မြေဧက (၁၃)သိန်းကျော်၊ လုပ်ပိုင်ခွင့်ပြုတာမှာ ဧက(၁)သိန်း ကျော်သာ အကောင်အထည်ဖော်ထားတာတွေ့ရှိရပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) ကနေပြီးတော့ မြေဧက(၁၃၀၀၀၀)ကျော်ကို စီမံကိန်းဝင် ရာဘာစိုက်ဖို့ဆိုပြီးတော့ ကုမ္ပဏီတစ်ခုကို ခွင့်ပြုခဲ့ပေမယ့် တကယ်စိုက်တာက အစွန်းထွက်ရဲ့ (၁၀)ရာခိုင်နှုန်းဖြစ်တဲ့ ဧက (၃၀၀၀)ကျော်သာ စိုက်ပျိုးထားတာကို တွေ့ရပါတယ်။ သို့ပေမဲ့ လုပ်ကိုင်ခွင့်ရတဲ့ကုမ္ပဏီက ဧက (၁၃၀၀၀၀)ကျော်မှာ သစ်တန်ချိန် (၂၀၀)ကို ခုတ်ယူရောင်းစားလို့ ဒေါ်လာသိန်းချီရသွားတယ် လို့လည်း ကြားရပါတယ်။ ရာဘာစိုက်ပျိုးမှုကို ဗန်းပြပြီးတော့ နိုင်ငံပိုင် သယံဇာတ၊ သစ်တောတွေကို ခုတ်ယူရောင်းစားတာမို့ ကုမ္ပဏီနဲ့ ချထားပေးတဲ့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွေအကြားမှာ လာဘ်ပေး လာဘ်ယူမှုတွေ ရှိနေနိုင်တယ်ဆိုတာ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ အဲဒီလိုပါပဲ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာ ထို့နည်းတူပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာပြည့်ဖြိုးရဲ့ အဆိုကို အနှစ်ချုပ်ပြီးတော့ ပြောရမယ်ဆိုလို့ရှိရင် ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချရေးမူဝါဒ ရှိနေသော်လည်းပဲ အမျိုးသားမြေဥပဒေ မရှိသေးတဲ့ အတွက် ဒီဥပဒေ အမြန်ဆုံးပေါ်ပေါက်လာစေဖို့ အမျိုးသားမြေအသုံးချမှုမူဝါဒကို ပြန်လည်သုံးသပ်ပြီး (၁)မြေယာစီမံအုပ်ချုပ်မှု၊ (၂)အမျိုးသားမြေအသုံးချမှုမဟာဗျူဟာ၊ (၃)ကာလလတ်၊ ကာလရှည် စီမံကိန်းမျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းထားတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လက်ရှိအနေအထားအရ အမျိုးသားအဆင့် မြေယာစီမံခန့်ခွဲမှုအဖွဲ့ တွေရှိပါတယ်။ ဗဟိုမြေယာစီမံခန့်ခွဲမှုအဖွဲ့၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲရေးဗဟိုကော်မတီ၊ သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ၊ သိမ်းဆည်းခံရမှုမှ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ အဖွဲ့၊ အမျိုးသားရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အမျိုးသားမြေအသုံးချမှုကော်မတီ စသည်ဖြင့် အမျိုးမျိုး သောအဖွဲ့အစည်းတွေရှိနေတာ မြေယာကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ မိမိတို့အစီအစဉ်နဲ့ အဆင်ပြေ သလို စီမံခန့်ခွဲနေကြတာ အခုအထိပါပဲ။ မြေယာဥပဒေပေါင်း(၃၀)ကျော်ရှိနေလို့ များပြားရှုပ်ထွေး လျက်ရှိသည့် မှားယွင်းနေတဲ့မြေပုံ၊ သတင်းအချက်အလက်တွေပေါ်မှာ အခြေခံပြီးတော့ ဆုံးဖြတ်ချက် ချခဲ့ရတာ သတင်းအချက်အလက်တွေရယူဖို့ ခက်ခဲနေတာတွေရှိနေပါတယ်။ မြေယာစီမံခန့်ခွဲမှု၊ မြေအသုံးချမှုနဲ့ဆက်စပ်နေတဲ့ ဌာနဆိုင်ရာ(၂၀)ကျော်အကြားမှာ အပြန်အလှန်ဆက်သွယ်မှု၊ ချိတ်ဆက်မှု အားနည်းနေသလို ပူးပေါင်းဆောင်ရွက်မှုလည်း အားနည်းနေတာကို တွေ့ရှိရပါတယ်။ မတရား

မြေသိမ်းဆည်းမှုတွေကို ထိရောက်စွာဖြေရှင်းနိုင်မှုမရှိသလို မြေယာအမှုအခင်းတွေ ဖြေရှင်းဆောင်ရွက်ရာမှာလည်း တရားမျှတမှုမရှိတာ၊ အားနည်းနေတာတွေရှိနေတာ တွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမှုခင်းတွေ၊ မြေစစ်မှုတွေ စစ်ဆေးရာမှာ အောက်ခြေ ရပ်ကွက်/ကျေးရွာမှာရော၊ မြို့နယ်နဲ့ခရိုင်မှာပါ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို အဖွဲ့ထဲမှာ ထည့်သွင်းစိစစ်ဖို့ ညွှန်ကြားထားပေမယ့် ကျွန်တော်တို့ကလည်း အောက်ခြေအဆင့်အထိ ပိုက်စိတ်တိုက်မလုပ်နိုင်တဲ့အတွက် အထောက်အထားစာချုပ်၊ စာတမ်းနဲ့ ပြေစာတွေရှိပါလျက်နဲ့ မြေယာမှုခင်းတွေမှာ အရှုံးပေးခံနေရတာတွေ၊ ဘာအထောက်အထားမှမရှိတဲ့သူကို ငွေမျက်နှာ ကြည့်ပြီး အနိုင်ပေးတာတွေ၊ ပေါ်လာတဲ့ မြေနုကျွန်းတွေကို ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ တာဝန်ရှိသူတို့က မတရားရယူလုပ်ကိုင်နေတာ၊ ပြီးတော့ တကယ်စိုက်မယ့်သူကို တစ်ဆင့်ပြန်ရောင်းစားနေတာတွေ၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပါဝင်စစ်ဆေးရတဲ့ လယ်စစ်၊ မြေစစ်ဥပဒေမှာလည်းပဲ ဗဟိုက သတ်မှတ်ပေးထားတဲ့ မူဝါဒ၊ လမ်းညွှန်ချက် (၅၂)ချက်နဲ့ ကိုက်ညီမှု ရှိ/မရှိ စိစစ်ဆုံးဖြတ်နေရပါတယ်။ အဲဒီထဲမှာမှ ၁၉၈၈ ခုနှစ် အရှေ့ပိုင်းမှာဖြစ်တဲ့ မြေယာမှုတွေကို စစ်ဆေးခွင့်မရှိဘူး။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာပဲဖြစ်နေတဲ့ အမှုတွေကိုပဲ စစ်ဆေးဖို့ ညွှန်ကြားထားတဲ့အတွက် သေကောင်ပေါင်းလဲဖြစ်နေတဲ့ နာတာရှည်ရောဂါသည်ကြီး ----------

**အချိန်၊ ၁၂း၂၂။**

**ဥက္ကဋ္ဌ**။ ။ အချိန်ကုန်သွားပါပြီ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၂။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး တင်သွင်းထားတဲ့ အဆိုအပေါ် ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့လည်း အစိုးရကို တိုက်တွန်း၊ အဆိုတင်၊ အဆိုတွေအောင်၊ ဘာမှမဖြစ်လာသေးပေမယ့်လည်း တာဝန်အရ တိုက်တွန်းနေရမှာပဲဖြစ်ပါတယ်။ ဒီအဆိုကို ကြည့်ရင် ၂၀၁၆ ခုနှစ်၊ မြေအသုံးချမှု မူဝါဒအပေါ်မူတည်ပြီး ဥပဒေတစ်ရပ်ပေါ်ထွန်းလာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်ကို တွေ့ရပါတယ်။ လုပ်ရမယ့်လုပ်ငန်းစဉ်တွေဟာ ကျယ်ဝန်းပြီး များပြားလှတာကြောင့် အဆိုရှင်က ကာလလတ်၊ ကာလရှည် Plan တွေနဲ့ စနစ်တကျ အရင်လုပ်ဆောင်ဖို့ တိုက်တွန်းထားတာလည်း တွေ့ရပါတယ်။ အဓိက ရည်မှန်းချက်က ဥပဒေနဲ့အညီ မြေယာကို စနစ်တကျ စီမံခန့်ခွဲနိုင်ဖို့ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ခုမှာ မြေယာကို စနစ်တကျ စီမံခန့်ခွဲနိုင်ဖို့ အရေးကြီးပါတယ်။ နိုင်ငံသားအများစုကြီးဟာ မြေယာကိစ္စနှင့်ပတ်သက်ပြီး ပြဿနာသိပ်မရှိဘဲ အမှန်တကယ် အကျိုးစီးပွားကို ရရှိခံစားနေကြရပြီဆိုရင် မြေယာစီမံခန့်ခွဲမှုစနစ်ဟာ မှန်ကန်တယ်လို့ ဆိုရမှာဖြစ်ပြီး လူအများစုကြီးဟာ မြေယာကိစ္စနဲ့ ပတ်သက်လို့ ပြဿနာများနဲ့ ဒုက္ခဆင်းရဲ ကြုံနေရပြီဆိုရင် အဲဒါ

လွဲမှားတဲ့ မြေယာစီမံခန့်ခွဲမှုစနစ်ဖြစ်လို့ ပြန်ပြင်ရတော့မယ်ဆိုတာကို အလွယ်တကူတွေ့နိုင်ပါတယ်။ အတိတ်ကာလတစ်လျှောက်ကို ပြန်ကြည့်ရင် မြန်မာနိုင်ငံသားတွေဟာ လုပ်နေဆဲမှာပဲ ကိုယ့်မြေ အသိမ်းခံရတာနဲ့၊ အလုခံရတာနဲ့၊ ကိုယ့်ရဲ့ထမင်းအိုးလေးကွဲသွားတာ၊ ကိုယ့်မြေကို တစ်ခုခုလုပ်ချင်တယ်ဆိုရင်တောင် ဟိုရုံးကိုပြေး၊ ဒီရုံးကိုပြေး၊ လူမြင်တိုင်း မျက်နှာချိုသွေးရတာနဲ့ ဗိုလ်ချုပ်အောင်ဆန်း ပြောသလို ဟိုနိုင်ငံမျိုးလို ဖြစ်နေမှာပဲဆိုတာမျိုးလိုပါပဲ။ ခု ကျွန်တော်တို့ ပြည်သူတွေဟာလည်းပဲ မြေယာကိစ္စနှင့် ပတ်သက်လာရင် အဲဒီလိုကို ဖြစ်နေပါတယ်။ ဒါပေမဲ့ အားသာချက်တစ်ခုက ကျွန်တော်တို့ဆီမှာ National Land Use Policy ဆိုပြီး ရေးဆွဲထားပြီးသားဖြစ်နေပါတယ်။ (၁၀၀)ရာခိုင်နှုန်း ပြီးပြည့်စုံတဲ့မူဝါဒ မဟုတ်သေးပေမယ့် အတိတ်ကာလကအမှားမျိုး နောင်မဖြစ်ရလေအောင် လူတွေ၊ အချိန်တွေ၊ လုပ်အားတွေ၊ ငွေတွေ၊ အများကြီးသုံးစွဲထားပြီး ရေးထားတာမို့ ပြည့်စုံသင့်သလောက် ပြည့်စုံပြီးဖြစ်ပါတယ်။ လိုအပ်ချက်တွေ ထပ်တွေ့ရင်လည်း ဖြည့်စွက်သွားရုံပါပဲ။ အခု ကျွန်တော်တို့ လိုနေတာက လက်တွေ့ကျကျ အလုပ်လုပ်ပြရဖို့ပဲဖြစ်ပါတယ်။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အပေါ်မှာ ကျွန်တော် တင်ပြခဲ့သလို Land Use Policy နဲ့ Land Law အကြားမှာ ကြီးမားကျယ်ပြန့်တဲ့ Processes ကြီးရှိနေပါတယ်။ တစ်နိုင်ငံလုံးအတိုင်း အတာနဲ့ မြေအမျိုးအစားအဆင့်အတန်း၊ စိုက်ပျိုးသီးနှံအလိုက် ဇုန်ဧရိယာတွေ လျာထားသတ်မှတ်ဖို့၊ အဲဒီ လျာထားတာနဲ့ ပကတိမြေပြင်အခြေအနေအကြား ကွဲပြားမှုတွေကို သိရှိစေမယ့်အချက်အလက်တွေအတွက် တိုင်းတာမှုတွေ လုပ်ဆောင်ဖို့၊ အဲဒါတွေကို လုပ်ဆောင်ပေးမယ့် လူသားအရင်းအမြစ်နဲ့ ဘဏ္ဍာငွေကြေး၊ အကူအညီရရှိမှုတွေအပြင် မြေယာနဲ့ပတ်သက်တဲ့ တည်ဆဲဥပဒေတွေနဲ့ ဝန်ကြီးဌာနတွေရဲ့လုပ်ဆောင်နေမှု၊ မြေယာပြဿနာဖြစ်စေတဲ့ အရင်းခံအကြောင်းတရားတွေကို လေ့လာစာရင်းပြုစုပြီး ဖြေရှင်းနိုင်မယ့် ဥပဒေ၊ နည်းဥပဒေတွေကို ရေးဆွဲရမှာ ဖြစ်ပါတယ်။

မြေယာပြဿနာမှာ ပါဝင်နေတာကို အုပ်စုဖွဲ့ကြည့်ရင် အခြေခံလူတန်းစားရယ်၊ ငွေရှင်၊ ကြေးရှင်တွေနှင့် အစိုးရဆိုပြီးတော့ (၃)စုတွေ့ရမှာဖြစ်ပါတယ်။ ပြည်သူတွေ လုပ်ကိုင်စားသောက်တဲ့ မြေကို အစိုးရဝန်ကြီးဌာနတွေက လုပ်စရာရှိလို့ဆိုပြီး သိမ်းပါတယ်။ အဲဒီမှာ ဥပဒေနှင့်အညီ မလုပ်ခဲ့တာ၊ မြေယာလျော်ကြေးတွေမပေးခဲ့တော့ မူလပိုင်ရှင်နဲ့ တောင်သူတွေ၊ ပြဿနာတက်ပါတယ်။ ဒါက ပထမတစ်မျိုး ဖြစ်ပါတယ်။ ဒုတိယအမျိုးအစားက အာဏာပိုင်တွေနဲ့ လုပ်ပိုင်ခွင့်ရထားတဲ့လူတချို့က လုပ်ပိုင်ခွင့်ကိုသုံးပြီး မြေတွေကို ကိုယ်နဲ့ကိုယ့်လူတွေအတွက် မလိမ့်တပတ်နဲ့ ကိုယ်ကျိုးရှာသိမ်းဆည်းခြင်း ဖြစ်ပါတယ်။ အဲဒါအပြင် ငွေရှင်ကြေးရှင်တွေ၊ ကုမ္ပဏီတွေဆီက တံစိုးလက်ဆောင်ရယူပြီး လုပ်ပိုင်ခွင့်တွေ ချပေးဖို့ သိမ်းပြန်သေးတယ်ဆိုတော့ ဒီလိုကိစ္စအတွက် တက်လာတဲ့ပြဿနာက ခုနနိုင်ငံအတွက် လိုအပ်လို့သိမ်းတဲ့ ပြဿနာတွေထက် အဆ(၁၀၀)လောက်ရှိပါတယ်။ ဒီတော့ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်နေတဲ့ မြေယာပြဿနာရဲ့အစဟာ ကိုယ့်အကျိုးစီးပွား၊ အတ္တကိုရှေ့တန်းတင်ကြတဲ့ တာဝန်ရှိသူတွေကြောင့် အဓိကဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။ ဒီတော့ အဓိကပြင်ရမှာက စီမံခန့်ခွဲတဲ့နေရာမှာ တာဝန်ယူထားကြတဲ့လူတွေပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ဆီမှာ အင်္ဂလိပ်လက်ထက်ကတည်းက ထုတ်ခဲ့တဲ့ မြေသိမ်းဥပဒေတွေရှိပါတယ်။ လွတ်လပ်ရေးရပြီးတော့လည်း အဲဒီဥပဒေတွေကိုလည်းပဲ ကျွန်တော်တို့ဆီမှာ ဆက်လက် ကျင့်သုံးပါတယ်။ ဒီဥပဒေအရ မြေသိမ်းမယ်ဆိုရင် လုပ်ဆောင်ရမယ့်အချက်တွေ စနစ်တကျ ရှိပါတယ်။ ဒါပေမဲ့

ဥပဒေနဲ့အညီ မြေမသိမ်းဘဲ အစိုးရအဆက်ဆက်က ဥပဒေကို ကိုယ့်အတွက် လိုရာသုံးခဲ့တာက စပြီးတော့ ကျွန်တော်တို့ရဲ့ မြေယာစနစ် ပျက်စီးခဲ့ရခြင်းဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံက မြေကို ခွဲကြည့်ရင် တစ်ပိုင်းက State Land လို့ခေါ်တဲ့ နိုင်ငံတော်ပိုင်မြေဖြစ်ပြီး နောက်တစ်ပိုင်းက Disposal Land လို့ခေါ်တဲ့ အစိုးရစီမံခန့်ခွဲမှုရှိတဲ့ မြေဖြစ်ပါတယ်။ ဒီမြေ(၂)ခုဟာ မတူပါဘူး။ ဒီနေရာမှာ နိုင်ငံတော် ဆိုတဲ့ စကားလုံးကို အဓိပ္ပာယ်ယူဆချက်က သိပ်အရေးကြီးပါတယ်။ နိုင်ငံတော်ဆိုတာ ဒီနိုင်ငံရဲ့ မြေထု၊ လေထု၊ ရေထုနဲ့ အဲဒီ ဧရိယာအပေါ်မှာ အတူတကွ မှီတင်းနေထိုင်ကြတဲ့ အများစုဖြစ်တဲ့ နိုင်ငံသား ပြည်သူတွေ၊ သက်ရှိ၊ သက်မဲ့ပစ္စည်းတွေ၊ နိုင်ငံကို အုပ်ချုပ်နေတဲ့ အနည်းစုသော အာဏာပိုင် အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ပိုင်မြေဆိုတာ အုပ်ချုပ်သူနှင့်အုပ်ချုပ်ခံ (၂)ခုစလုံးနဲ့ သက်ဆိုင်နေပါတယ်။ ဒါပေမဲ့ အုပ်ချုပ်ခဲ့ကြတဲ့ အာဏာပိုင်တွေက သူတို့သာလျှင် နိုင်ငံတော်ဖြစ်တယ်လို့ ယူဆခဲ့တဲ့ နောက်မှာတော့ အစိုးရအနေနဲ့ စီမံခန့်ခွဲပိုင်ခွင့် ရှိတာရော၊ မရှိတာရောအပေါ်မှာ ဝင်ရောက် စွက်ဖက်ခဲ့တာကြောင့် သာမန် နိုင်ငံသားတွေရဲ့ Land Holding Right လို့ ခေါ်တဲ့ မြေယာပိုင်ဆိုင်ခွင့်ကြီး ပျောက်ဆုံးခဲ့ရပါတယ်။ ကျွန်တော်တို့ဆီမှာ ဟိုးရှေးဘုရင်များ လက်ထက်ကတည်းက မြေယာစီမံခန့်ခွဲတဲ့စနစ်ဟာ ပီပီပြင်ပြင် ရှိခဲ့ပါတယ်။ အင်္ဂလိပ်ခေတ်မှာလည်း State Land နဲ့ Land Disposal by Government ဆိုပြီးတော့ အတိအကျ ခွဲခြားသတ်မှတ် ပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာဘုရင်ခေတ်မှာ ပိုင်ရှင်မဲ့ တောရိုင်းမြေကို ခုတ်ထွင်ရှင်းလင်းပြီး (၁၀)နှစ်လုပ်ကိုင်ခဲ့ရင် ဓားမဦးချမြေ အဲဒီကနေ သူ့သား၊ သူ့မြေး တစ်ဆက်တည်း ဆက်ပြီးတော့ လုပ်ကိုင်ခဲ့မယ်ဆိုရင် ဘိုးဘွားပိုင်မြေဖြစ်သွားပြီး ဘယ်သူမှ ဥပဒေမဲ့ လုပ်လို့မရပါဘူး။ အင်္ဂလိပ်ခေတ်မှာလည်း ထုတ်ပြန်ထားတဲ့ ဥပဒေနဲ့အညီသာ ပိုင်ခွင့်တွေကို လုပ်ဆောင်ခဲ့တာကြောင့် အခုခေတ်လို မြေယာပြဿနာတွေ မများပြားခဲ့ပါဘူး။

အစိုးရက စီမံခန့်ခွဲနိုင်တဲ့ မြေဆိုတာ ပိုင်ရှင်မရှိသေးတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနဲ့ အပိုင်အငှား မချထားရသေးတဲ့ မြေတွေအပေါ်မှာသာ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့နိုင်ငံမှာ ဖြစ်နေတာက အစိုးရတွေဟာ အခြေခံ Principle တွေကို လိုက်နာရကောင်းမှန်းမသိဘဲ ကိုယ်အသာစီးရယူလိုတဲ့ အချက်တွေကို ဥပဒေထဲမှာ ထည့်သွင်းရေးဆွဲကာ လူတစ်ဦးရဲ့ ဒေသအလိုက် အခြေခံပိုင်ဆိုင်ခွင့်တွေကို မျက်ကွယ်ပြုခဲ့ကြတဲ့အပြင် ကိုယ်ကျိုးပါ ရှာခဲ့ကြတာကြောင့် မြန်မာနိုင်ငံရဲ့ မြေယာစနစ်ဟာ အခုလို ကမောက်ကမ ဖြစ်ခဲ့ရခြင်းဖြစ်ပါတယ်။ လက်ရှိအစိုးရအနေနဲ့ ဒီလွဲချော်နေတဲ့ မြေယာစီမံခန့်ခွဲမှုစနစ်ကြီးကို အမြန်ဆုံး တည့်မတ်ပေးနိုင်ဖို့အတွက် အစီအစဉ် ချမှတ်လုပ်ဆောင်ပေးဖို့အချိန် ဖြစ်ပါကြောင်း တာဝန်အရ တိုက်တွန်းတင်ပြ ဆွေးနွေးရင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုအပေါ် ထောက်ခံဆွေးနွေးလိုက်ရပါတယ်။

မြေယာစီမံခန့်ခွဲမှုစနစ် ပြပုံ (ဟ)




မြေယာစီမံခန့်ခွဲမှုစနစ် မြင်ကွင်းပုံ (ဟ-၁)




မြေယာစီမံခန့်ခွဲမှုစနစ် မြင်ကွင်းပုံ (ဟ-၂)



**အချိန်၊ ၁၂း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၈။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နော်လှလှစိုး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒေါက်တာပြည့်ဖြိုး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ အဆိုနဲ့ပတ်သက်ပြီးတော့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နံပါတ်(၁)အနေနဲ့ကတော့ မြေယာပြဿနာများ ဖြေရှင်းရန် အခြေခံ အုတ်မြစ်များအပေါ်မှာ ပညာရှင်များဖော်ထုတ်ထားတာကို ဆွေးနွေးလိုပါတယ်။ မြေယာပြဿနာ တွေကို ဖြေရှင်းဖို့အတွက် တောင်သူလယ်သမားတွေနဲ့ နိုင်ငံသားတွေအတွက် ကောင်းမွန်တဲ့ မြေယာ စီမံအုပ်ချုပ်ရေးနည်းစနစ်တွေ မျှတကောင်းမွန်အကျိုးရှိတဲ့ ဥပဒေတွေကို တည်ရှိရေး၊ ပြင်ဆင်နိုင်ရေး အတွက် အရေးကြီးပါတယ်။ တောင်သူလယ်သမားများရဲ့ မြေယာသာမက အစိုးရမြေ၊ နိုင်ငံသား ပုဂ္ဂလိကပိုင်မြေတွေ တိုင်းရင်းသားဓလေ့ထုံးတမ်း မြေယာနှင့်လုပ်ပိုင်ခွင့်များ စနစ်တကျ သတ်မှတ် ပြီးတော့ ခွဲခြားထားနိုင်ရေး၊ ဒေသခံတိုင်းရင်းသားများ၊ တောင်သူလယ်သမားများရဲ့ မြေယာလုပ်ပိုင်ခွင့်နဲ့ လုပ်ခွင့်တည်မြဲရေးအား အာမခံရှိရန်၊ ပြည်ထောင်စုစနစ်အတွင်းမှာရှိတဲ့ နိုင်ငံသားပြည်သူတွေရဲ့ ကွဲပြားတဲ့ ဓလေ့ထုံးတမ်းများအရ မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများကို အသိအမှတ်ပြုတဲ့စနစ် ဖော်ထုတ်ပေးရန်၊ ဖြစ်ပေါ်လာတဲ့ မြေယာပြဿနာများကို ဒေသခံများ၊ တိုင်းရင်းသားများ၊ တောင်သူ လယ်သမားများနဲ့ သက်ဆိုင်သူ Stakeholder များကိုယ်တိုင် ပါဝင်ဖြေရှင်းနိုင်မယ့် နည်းလမ်းများ သတ်မှတ်ပေးရန်၊ မြေနဲ့သက်ဆိုင်တဲ့ ဥပဒေများမှာ ခေတ်အခြေအနေအရ ပြင်ဆင်ရန် လိုအပ်ချက်များ လူပုဂ္ဂိုလ် ချို့ယွင်းချက်များ၊ လုပ်ထုံးလုပ်နည်းအမှားများကို စဉ်ဆက်မပြတ် ပြုပြင်တည့်မတ်နိုင်တဲ့ လမ်းစဉ်များ သတ်မှတ်ထားဖို့ အရေးကြီးပါတယ်။

နံပါတ်(၂) အနေနဲ့ကတော့ အမျိုးသားမြေအသုံးချမှု မူဝါဒရဲ့ အခန်း(၂) မြေအမျိုးအစားနဲ့ မြေအတန်းအစားများ သတ်မှတ်ခြင်းနှင့် အခန်း(၃) မြေနဲ့သက်ဆိုင်တဲ့ သတင်းအချက်အလက် စီမံ ခန့်ခွဲခြင်းတို့နဲ့ပတ်သက်ပြီးတော့ ဆွေးနွေးလိုပါတယ်။ ခုန ကိုယ်စားလှယ်တော်ကြီး ဦးမျိုးဝင်း ဆွေးနွေးခဲ့သလိုပဲ ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တဲ့ ထိုင်းနိုင်ငံဟာ အရင်က မြန်မာနိုင်ငံလိုပဲ မြေယာပြဿနာတွေ အလွန်ရှုပ်ထွေးခဲ့တယ်လို့ သိရပါတယ်။ အဲဒီနိုင်ငံရဲ့ မြေအမျိုးအစားနဲ့ မြေ အတန်းအစား သတ်မှတ်ခြင်း၊ မြေနဲ့သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေ စီမံခန့်ခွဲခြင်းစတဲ့ Processed တွေကို နှစ်(၃၀)လောက် အချိန်ယူ ဆောင်ရွက်ရတယ်လို့ သိရပါတယ်။ မိမိတို့ မြန်မာ နိုင်ငံမှာလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် မြေအသုံးချမှု စံချိန်စံညွှန်းများ၊ အသက်မွေးဝမ်းကျောင်းမှုများ၊ လူနေမှုစရိုက်ရာသီဥတု တောတောင်အနေအထား၊ မြေအမျိုးအစား ယဉ်ကျေးမှုဓလေ့ထုံးတမ်း စီးပွားရေးလုပ်ငန်းတွေ အားသာချက်၊ အားနည်းချက်တွေ ကွဲပြားနေတဲ့

အတွက်ကြောင့် လက်ရှိ တည်ဆဲဥပဒေတွေ၊ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ဆောင်ရွက်ဖို့ မအောင်မြင်နိုင်ပါဘူး။ လက်တွေ့ကျတဲ့ မြေယာပြုပြင်ပြောင်းလဲမှုများနှင့်သာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

သို့သော်လည်း မြန်မာနိုင်ငံရဲ့ မြေယာပြုပြင်ပြောင်းလဲမှု ဥပဒေကို အဲဒီလို အချိန်အများကြီး ပေးရမယ်လို့ မဆိုလိုပါဘူး။ မိမိတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ ဖြတ်ကျော်မှုများ၊ နိုင်ငံတကာမှ ကောင်းမွန်တဲ့အလေ့အကျင့်များ၊ International Best Practised ကျွမ်းကျင်ပညာရှင်များ ပေါင်းစပ် လိုက်ပါက မဝေးတဲ့အချိန်မှာ မိမိနိုင်ငံနဲ့ သင့်တော်တဲ့၊ အဓိကလိုအပ်ချက်ဖြစ်တဲ့ မြေယာစီမံအုပ်ချုပ်မှု အမျိုးသားမြေအသုံးချမှု မဟာဗျူဟာ ကာလလတ်၊ ကာလရှည် စီမံကိန်းမျှော်မှန်းချက်များအလိုက် အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

နံပါတ်(၃)အချက်အနေနဲ့ကတော့ အမျိုးသားမြေဥပဒေကို ရေးဆွဲတဲ့အခါမှာ ထည့်သွင်း စဉ်းစားသင့်တဲ့ အချက်တွေကို ဆွေးနွေးလိုပါတယ်။ အမျိုးသားမြေအသုံးချမှုဝါဒ (National Land Use Policy) ကို ပြန်လည်ပြီးတော့ သုံးသပ်လို့ရှိရင် အချိန်ကြန့်ကြာပြီးတော့ အမျိုးသားမြေဥပဒေ ရေးဆွဲရန် နှောင့်နှေးကြန့်ကြာနိုင်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားမြေဥပဒေကိုသာ ရေးဆွဲသင့်ပါတယ်။

နံပါတ်(၄)အချက်ကတော့ အမျိုးသားမြေအသုံးချမှုဝါဒ(National Land Use Policy)ဟာ ဥပဒေလောက် အားကောင်းမှု မရှိတဲ့အတွက်ကြောင့် မြေဥပဒေကိုသာ အရေးထားပြီးတော့ ရေးဆွဲ သင့်ပါတယ်။ အမျိုးသားမြေဥပဒေ (National Land Law)ရေးဆွဲတဲ့အချိန်မှာ မြေနဲ့ပတ်သက်တဲ့ မည်သည့်ဥပဒေမျှ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း မပြုသင့်ပါဘူးဆိုတာကိုလည်း အကြံပြုဆွေးနွေး လိုပါတယ်။ မြန်မာနိုင်ငံဟာ မကြာသေးခင်က ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးမူဝါဒကို ရေးဆွဲပြီး ဖြစ်ပါတယ်။ ၎င်းမူဝါဒကို ထင်ဟပ်စေမယ့် မြေယာစီမံခန့်ခွဲရေးနဲ့ မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်တဲ့ မူဝါဒ၊ မဟာဗျူဟာနည်း၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အစီအစဉ် များကို ပြည့်စုံစွာပြုလုပ်ပြီးတော့ အမျိုးသားမြေဥပဒေ(National Land Law) ရေးဆွဲသင့်ပါကြောင်း ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုအား ထောက်ခံဆွေးနွေးလိုက်ပါတယ်ရှင်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၃၄။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာ ပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က အဆိုရှင်ရဲ့ အဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။

အဆိုထဲမှာပါတဲ့ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ရန်အတွက်ဆိုရင် ကျွန်တော်တို့ အခြေခံဥပဒေအထဲမှာပါရှိတဲ့ နိုင်ငံတော်ရဲ့ ရေထု၊ မြေထု၊ လေထု စီမံခန့်ခွဲတတ်ရန် လိုအပ်ပါတယ်။ ဒီ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက်ဆိုရင် ကမ္ဘာ့စီးပွားရေးဦးတည်မှု၊ ပြီးတော့ လူထုစိတ်နေသဘောထား၊ Demographic နဲ့ ယဉ်ကျေးမှုအပြောင်းအလဲ၊ ငွေကြေးကဏ္ဍစီမံခန့်ခွဲမှု၊ စီးပွားရေးအဖွဲ့အစည်းများ၏ ယှဉ်ပြိုင်မှု၊ ဝန်ထမ်းထုစီမံခန့်ခွဲမှုနှင့် နိုင်ငံရေး Policy များ စတာတွေဟာလည်း အရေးကြီးပါတယ်။ နောက်တစ်ခု အရေးကြီးဆုံး အချက်တစ်ခုကတော့ အခုအဆိုမှာပါတဲ့ National Land Use Policy နဲ့ National Land Law သို့မဟုတ် Fundamental Land Law ကိစ္စပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၆ ခုနှစ်မှာတော့ National Land Use Policy ဆိုတဲ့ စာအုပ်ထွက်ပါတယ်။ ဒီမှာလည်း စောစောတုန်းက ကိုယ်စားလှယ်တစ်ယောက် ဆွေးနွေးသွားသလိုပါပဲ ပြည့်စုံတာတော့ မဟုတ်ပေမယ့် ကောင်းတဲ့အချက်တွေ အများကြီး ပါ ပါတယ်။ ဒီအချက်တွေ အကောင်အထည်ဖော်နိုင်ဖို့ရန်အတွက်ဆိုရင် ဥပဒေလိုပါတယ်။ Policy ချမှတ်တယ်ဆိုတာ အင်္ဂလိပ်လိုနဲ့ဆိုရင် To Encourage or Discourage ပေါ့။ ဒီ ကိစ္စရပ်တစ်ခုခုကို အားပေးမယ် သို့မဟုတ် တားဆီးမယ်ပေါ့။ အဲဒီလို လုပ်နိုင်ဖို့ရန်အတွက် ဥပဒေလိုတယ်။ ဒီအတိုင်းပဲ Policy သွားချပြီးတော့ ဥပဒေ မပါဘူးဆိုရင် ဒီကိစ္စတွေအတွက် လုပ်ဆောင်ဖို့ရန် ခက်ခဲပါတယ်။

နောက်ပြီး ခုနက နော်လှလှစိုး ဆွေးနွေးသလို ဒီလိုမျိုး လုပ်တဲ့နေရာမှာလည်း International Best Practices နိုင်ငံတကာမှာ ဘယ်လိုကြုံတွေ့ခဲ့ပြီးတော့ ဘယ်လိုလုပ်ခဲ့တာလည်းဆိုတဲ့ဟာတွေကိုလည်း လေ့လာဆန်းစစ်ဖို့လိုပါတယ်။ ဥပမာ ဂျပန်မှာဆိုရင်လည်း ၁၉၈၀ ပြည့်နှစ်ဝန်းကျင်မှာ မြေဈေး အင်မတန်မှ တက်လာပြီးတော့ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှာ ရုတ်တရက် ပြိုကျလာတဲ့အတွက် သူ့နိုင်ငံတစ်ခုလုံးရဲ့ စီးပွားရေးလည်း ပြိုကျလာတာ တွေ့ရတယ်။ အဲဒါကြောင့် စီးပွားရေးကဏ္ဍမှာ ဒီ Land Law တွေက အင်မတန်လိုအပ်ပါတယ်။ သူတို့နိုင်ငံမှာဆိုရင်လည်း အခု ကျွန်တော်တို့ ပြောနေတဲ့ National Land Law ကို Fundamental Land Law ဆိုပြီးတော့ ပြဌာန်းထားပါတယ်။

အဲဒီမှာ အဲဒီအောက်ကနေ Land Policy Deliberation Council ဆိုတာ ဖွဲ့ပြီးတော့ အဲဒီမှာ ဝန်ကြီးချုပ်က မြေကဏ္ဍမှာ Expert Knowledge ရှိတဲ့ (၂၃)ယောက်လောက်ကို ခန့်ထားပြီးတော့ Cabinet အစိုးရအဖွဲ့ကနေ လွှတ်တော်ကို နှစ်စဉ် Report ပေးတယ်။ အဲဒီလိုမျိုးပေါ့။ အဲဒီ Report တွေမှာ သူက ဒီမြေဈေးတွေ(Prices)၊ မြေဘယ်လိုအသုံးချနေလဲ(Uses)၊ (Transactions) လုပ်တယ်၊ ဘယ်လို အလွှဲအပြောင်းတွေလုပ်လဲ၊ ပြီးတော့ ဘယ်လိုအလားအလာတွေရှိလဲ၊ ဈေးကျမယ့်အလားအလာရှိလား၊ တက်မယ့်အလားအလာရှိမယ်။ အဲဒီလိုမျိုးတွေပေါ့၊ လွှတ်တော်မှာ သူက Report အမြဲတမ်းပေးတယ်။ ကျွန်တော်တို့မှာ ဒါမျိုးလုပ်ဖို့လည်း လိုအပ်ပါတယ်။ အဲဒီလိုလုပ်မှ ကျွန်တော်တို့ လွှတ်တော်က ဒီကိစ္စအပေါ်မှာလည်း ဝင်ရောက် ထိန်းကျောင်းလို့ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီလိုမျိုး ဥပဒေပြုတဲ့နေရာမှာလည်း ပြည်ထောင်စုကဏ္ဍနဲ့ ပြည်နယ်ကဏ္ဍရှိပါတယ်။ နိုင်ငံတိုင်းမှာလည်း အဲဒီလိုမျိုး သူ့ရဲ့ကဏ္ဍတွေကို ခွဲထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ အခြေခံဥပဒေမှာလည်း ရွာမြေ၊ မြို့မြေစီမံခန့်ခွဲမှုကို ဇယား(၁)မှာ ပြည်ထောင်စုလွှတ်တော်ကို ပေးပြီးတော့ ဒီဇယား(၂)မှာ စည်ပင်သာယာရေးကော်မတီ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး၊ တိုးတက်ရေးကဏ္ဍကို ဇယား(၂)မှာ ပြည်နယ်လုပ်ပိုင်ခွင့်အဖြစ် ပေးပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်အကြောင်းပြောရရင် ဖလမ်း၊ ဟားခါးနဲ့ ပလက်ဝမှာ ပြည်ထောင်စုလွှတ်တော်ကတော့ မြို့ကို တိုးချဲ့ဖို့ မြို့မြေအဖြစ် ဇယား(၁)လုပ်ပိုင်ခွင့်အရ မြို့မြေအဖြစ် သတ်မှတ်ပေးပြီးတော့ လွှတ်တော်က အတည်ပြု

ပေးခဲ့ပေမယ့် ခုန ဒီဇယား(၂)မှာ ပြည်နယ်က လုပ်ရမယ့်ကဏ္ဍဖြစ်တဲ့ စည်ပင်သာယာရေးကော်မတီနဲ့ မြို့ရွာဖွံ့ဖြိုးရေးဥပဒေတို့အပိုင်းမှာ သူတို့ အကောင်အထည်မဖော်နိုင်သေးပါဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒီဥပဒေတွေကို ရေးဆွဲတဲ့အချိန်မှာလည်း တစ်နိုင်ငံလုံးပေါ့နော်။ ပြည်ထောင်စု ကဏ္ဍတွေ၊ ပြီးတော့ ပြည်နယ်ကဏ္ဍတွေကိုလည်း ခြုံငုံပြီးတော့ စဉ်းစားပြီးတော့ ဒီပြည်နယ်တွေ ကလည်း သူတို့ ပြဋ္ဌာန်းသင့်တဲ့ ဥပဒေတွေ အများကြီး ပြဋ္ဌာန်းဖို့လိုပါတယ်။ ဥပမာ City Planning Law တို့၊ ပြီးတော့ Building Standard Law တို့ Urban Redevelopment Law တို့ပေါ့။ အခု ရန်ကုန်မှာလည်း အခု မြို့ပြစီမံကိန်းတွေ ဆွေးနွေးနေတာ တွေ့တယ်။ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုရဲ့ လုပ်ပိုင်ခွင့်အရ ဒါ သူတို့ပြောနေတဲ့ဟာတွေ မြို့မြေအဖြစ် သတ်မှတ်ပြီးပြီလား။ ကျွန်တော်တို့ လွှတ်တော်မှာ ဒီကိစ္စ အတည်ပြုတာလည်း တစ်ခါမှ မတွေ့ရသေးဘူး။

အဲဒီလိုမျိုး အကယ်၍ သူတို့လုပ်နေတဲ့ဟာတွေ အခြေခံဥပဒေ လုပ်ပိုင်ခွင့်အရ ဒီ ပြည်ထောင်စုလွှတ်တော်က မြို့မြေအဖြစ် သတ်မှတ်ပေးပြီးပြီဆိုရင် သူတို့မှာ လိုအပ်တဲ့ ခုနပြောတဲ့ ဥပဒေတွေလည်း သူတို့အနေနဲ့ ထပ်ပြီးတော့ ပြည်နယ်လွှတ်တော်တွေကပေါ့နော်၊ တိုင်းဒေသကြီး လွှတ်တော်တွေက ထပ်ပြီးတော့ ဆွေးနွေးဖို့လည်းလိုတယ်။ အဲဒီကဏ္ဍတွေမှာ ကျွန်တော်တို့နိုင်ငံမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာလည်း သူတို့ အခြေခံဥပဒေမှာ ပေးထားတဲ့အခွင့်အရေးအရ ဒီဥပဒေတွေပေါ့နော်။ ဆွဲနေတာလည်း တစ်ခုမှမတွေ့ရဘူး။ အဲဒါကြောင့် ကျွန်တော် ဒီကိစ္စမှာလည်း တစ်နိုင်ငံလုံး လွှမ်းခြုံပြီးတော့၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း ခေါ်ပြီးတော့ သူများနိုင်ငံမှာလုပ်တဲ့ International Best Practices ကိုပါ အဲဒါတွေကို အတုယူပြီး တော့လုပ်ဖို့လိုပါတယ်။

နောက်ဆုံးမှာတော့ ကျွန်တော်တို့နိုင်ငံ စဉ်ဆက်မပြတ် အဆိုမှာပါသလို ဖွံ့ဖြိုးတိုးတက်ဖို့ အတွက်ဆိုရင် လုပ်ရမယ့်အများကြီးထဲက အင်မတန်မှလိုအပ်တဲ့ ဒီ National Land Law ကို ပြဋ္ဌာန်းရန် လိုအပ်ကြောင်း ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၄၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူခြင်းတို့ကို ၁၉ ရက်မြောက်နေ့ ၁ - ၃ - ၂၀၁၉ (သောကြာနေ့) ကျင်းပမယ့် အစည်းအဝေးတွင် ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၉)ရက်မြောက်နေ့အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက် မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက် မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက် မြောက်နေ့ကို ၁၂း၄၂ နာရီ အချိန်တွင် ရပ်နားပါသည်။]